## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် ရုပ်တရား၊ နာမ်တရားတို့၏ရှေ့ဆောင်၊ ကြီးမှူး၊ ဖန်တီးသူဖြစ်၏။ အကြင်သူသည် ကောင်းမွန်ကြည်လင်သော စိတ်ဖြင့် ပြောသော်လည်းကောင်း၊ ပြုသော်လည်းကောင်း အရိပ်သည် လူ၏နောက်သို့ကပ်၍ပါသကဲ့သို့ ချမ်းသာခြင်းသည် ထိုသူ၏နောက်သို့ ထက်ကြပ်မကွာ ကပ်၍ပါလေ၏။ **ဓမ္မပဒ**

# မြဝတီ

နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၁)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်
၂၀၂၅ ခုနှစ်၊ မေ ၁၉ ရက်၊ တနင်္လာနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများ သတ္တသတ္တာဟမဟာဗောဓိစေတီတော်ကြီးနှင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယလေးဌာနသို့ သွားရောက်လေ့လာဖူးမြော်ကြည်ညိုစဉ်။

## ရေကြောင်းလူငယ်မောင်မယ်များ နေပြည်တော်ကောင်စီနယ်မြေရှိ စေတီပုထိုးများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာ


နေပြည်တော် မေ ၁၈

နေပြည်တော်ကောင်စီနယ်မြေသို့ ရောက်ရှိနေသော ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)သင်တန်းစခန်း ၁၁ ခုမှသင်တန်းသား၊ နည်းပြ/အုပ်ချုပ်သူ ၉၂၃ ဦးတို့သည်ယနေ့ နံနက်ပိုင်းတွင် သတ္တသတ္တာဟမဟာဗောဓိစေတီတော်ကြီးနှင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယလေးဌာနသို့ **စာမျက်နှာ ၁၅ ကော်လံ ၁ ⇨**

## မိုးကြီးမည့်သတိပေးချက်

နေပြည်တော် မေ ၁၈

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေဆက်လက်ဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေလ ၂၀ ရက်နေ့အတွင်း နေပြည်တော်၊ **စာမျက်နှာ ၁၁ ကော်လံ ၄ ➢**




## ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၁၀၄၆ ဧက စိုက်ပျိုးရန်လျာထား

စာ - ၃ သို့

ဆောင်းပါး

### လူမှုဆက်ဆံရေးဉာဏ်ရည် (Social Intelligence)

စာ - ၁၃ သို့

### ဆီထွက်သီးနှံမြေပဲစိုက်ပျိုးမည်ဆိုပါလျှင်

စာ - ၂၅ သို့

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၅-၂၀၂၅

| | | | | |
|---|---|---|---|---|
| ရွှေ | ၄ | ဒသမ | ၃၃ | လက်မ |
| နေပြည်တော် (ပုဗ္ဗသီရိမြို့နယ်) | ၃ | ဒသမ | ၀၇ | လက်မ |
| သာစည် (လှိုင်းတက်) | ၂ | ဒသမ | ၉၁ | လက်မ |
| စစ်တွေ | ၁ | ဒသမ | ၉၃ | လက်မ |
| နေပြည်တော် (ဒက္ခိဏသီရိမြို့နယ်) | ၁ | ဒသမ | ၉၀ | လက်မ |
| ရွှေဘို | ၁ | ဒသမ | ၆၅ | လက်မ |
| ပင်လောင်း | ၁ | ဒသမ | ၅၀ | လက်မ |

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော
ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား




စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၁၉ ရက်)

# မြန်မာ-ရုရှားပူးပေါင်းဆောင်ရွက်မှုနယ်ပယ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင်ကျင်းပပြုလုပ်သည့် နှစ်(၈၀)ပြည့်မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲအထိမ်းအမှတ်အခမ်းအနား သို့တက်ရောက်ရန် မေလ ၇ ရက်မှ ၁၀ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ ထိုသို့သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း မေလ ၈ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ Ararat Park ဟိုတယ်ခန်းမ၌ RT သတင်းဌာနအား လက်ခံတွေ့ဆုံခဲ့ပြီး သိရှိလိုသည့် မေးမြန်းမှုများကိုဖြေကြားခဲ့သည်။

အဆိုပါမေးမြန်းမှုများတွင် မြန်မာနှင့်ရုရှားနှစ်နိုင်ငံဆက်ဆံရေးမှာ အရှိန်အဟုန်နှင့်တိုးတက်နေပြီး စစ်ဘက်ရေးရာနည်းပညာအခန်းကဏ္ဍသာမက အခြားသောနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ နှင့်ပတ်သက်၍ မေးမြန်းမှုများပါဝင်သည်။ နိုင်ငံတော်အကြီးအကဲက ပြန်လည်ဖြေကြားရာတွင် "ရုရှားနှင့် မြန်မာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကလည်း ကျယ်ပြန့်ကြောင်း၊ ကာကွယ်ရေးကဏ္ဍတွင်သာမက သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ဥပဒေဆိုင်ရာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ စသည်ဖြင့်ကဏ္ဍစုံဆွေးနွေးခဲ့ကြောင်း၊ ပြီးခဲ့သောမတ်လခရီးစဉ်တွင် နျူကလီးယားနှင့်ပတ်သက် သော ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးကိစ္စ၊ ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးကိစ္စ၊ ကမ်းလွန်ရေနံနှင့်ဓာတ်ငွေ့ထုတ်လုပ်ရေးအတွက် ရင်းနှီးမြှုပ်နှံမည့်ကိစ္စများဆွေးနွေးနိုင်ခဲ့ကြောင်း၊ သဘော တူညီချက်များ၊ ဆောင်ရွက်နေဆဲ၊ ဆောင်ရွက်မည့်နယ်ပယ်များလည်းရှိကြောင်း"ပြန်လည်ဖြေကြားခဲ့ သည်။

မြန်မာ-ရုရှားနှစ်နိုင်ငံဆက်ဆံရေးမှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သလို တစ်ဦးအကျိုးတစ်ဦးက လိုလားသည့်စိတ်ဖြင့်ဆက်ဆံကြသည့်အတွက် ဆက်ဆံရေးအထူးကောင်းမွန်လျက်ရှိသည်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများအောင်မြင်လာသည်ကို ပြည်သူလူထုမျှော်လင့်ကြိုဆိုလျက်ရှိသည်။ မြန်မာနိုင်ငံ တွင် အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာပါက လူငယ်လူရွယ်များ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်ရခြင်းမျိုး ရှိတော့မည်မဟုတ်ပေ။ မိမိနိုင်ငံနှင့်မိမိလူမျိုးကိုချစ်မြတ်နိုးသည့် နိုင်ငံသား တိုင်းက မြန်မာနိုင်ငံကိုဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ရောက်စေချင်သည်။ ထိုသို့တိုးတက် ကောင်းမွန်အောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးဆောင်ကြိုးပမ်းလျက်ရှိသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နှစ် (၈၀)ပြည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲမှာ ဆိုဗီယက်ပြည်ထောင်စုရှိ ပြည်သူပြည်သားများက နာဇီနှင့်ဖက်ဆစ်တို့ကိုတိုက်ထုတ်အောင်မြင်ခဲ့သည့်အောင်ပွဲကို အသိ အမှတ်အထိမ်းအမှတ်ပြုလုပ်သည့် ပွဲကြီးတစ်ပွဲဖြစ်သည်။ အလွန်ထူးခြားလေးနက်သည့် ပွဲတစ်ပွဲ ဖြစ်သည်။ ထိုအချိန်က မြန်မာနိုင်ငံမှာလည်း ဖက်ဆစ်ဂျပန်များ၊ ၎င်းတို့နှင့် ဝင်ရိုးတန်းဖက်ဆစ်နာဇီ များ၊ ဂျာမနီနှင့်တစ်အုပ်စုတည်းဖြစ်သည့် ဖက်ဆစ်ဂျပန်များ၏ဖိနှိပ်မှုဒဏ်ကိုလည်း မြန်မာပြည်သူတို့ ခံခဲ့ကြရသည်။ မြန်မာ့သမိုင်းတွင် မိမိတို့တိုင်းပြည်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရန် သက်စွန့်ကြိုးစားတိုက်ခိုက်ရသော တိုက်ခိုက်မှုတစ်ခုဖြစ်သည့်၊ တပ်မတော်နှင့် ပြည်သူလက်တွဲတိုက်ခိုက်ခဲ့သည့် ဖက်ဆစ်တော်လှန်ရေးစတင်သောနေ့ကို တပ်မတော်နေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ထားသည်။ မိမိနိုင်ငံနှင့်လူမျိုးအတွက် အလွန်တန်ဖိုးရှိသည့်တိုက်ပွဲတစ်ခုဖြစ် သည်။

ထိုသို့တန်ဖိုးရှိလှသည့်တိုက်ပွဲမျိုးကို ဆိုဗီယက်ပြည်ထောင်စုကဦးဆောင်ပြီး တိုက်ခိုက်ပေးခဲ့ခြင်းကြောင့် ကိုလိုနီအပြုခံဥရောပနိုင်ငံအချို့လည်း လွတ်လပ်ရေးပြန်လည်ရရှိခဲ့သည်။ ဆိုဗီယက်တပ်များအနေဖြင့် ဂျာမနီနိုင်ငံ အရှေ့ဘာလင်အထိ သိမ်းပိုက်နိုင်ခဲ့သည်ကိုတွေ့ရှိရသည်။ ထို့ကြောင့် နှစ်(၈၀)ပြည့် မဟာမျိုးချစ် စစ်ပွဲကြီးအောင်ပွဲ အခမ်းအနားမှာ မဟာဟူသောနာမဝိသေသသတ်မှတ်ထိုက်သည့် အလွန်ထူးခြားသည့် ပွဲတစ်ပွဲဖြစ်သည်။ ကမ္ဘာပေါ်တွင် စစ်ပွဲများပေါ်လာခြင်းကိုကြည့်မည်ဆိုပါက ပထဝီနိုင်ငံရေးက အဓိက ဖြစ်သည်။ ယခုချိန်ထိလည်း ပထဝီနိုင်ငံရေးကြောင့် နိုင်ငံကြီးများသည် နိုင်ငံငယ်များ သို့မဟုတ် တခြား နိုင်ငံများကိုမျက်စောင်းထိုးနေကြသည်။ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးအစရှိသဖြင့် နယ်ပယ်ပေါင်းစုံတွင် ဖိအားများမျိုးစုံပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာ လွတ်လပ်ပြီးတက်ကြွသည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံး လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံအားလုံးနှင့်မိတ်ဝတ်မပျက်ဆက်ဆံရေး ကျင့်သုံးသည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အာဆီယံပဋိညာဉ်အတိုင်း ပူးပေါင်းဆောင်ရွက်မှုများ အပြည့်အဝ လုပ်ဆောင်လျက်ရှိသည်။ ထို့အတူ ရုရှားနိုင်ငံသည် အာဆီယံအတွက်လည်း အရေးပါသည့်နိုင်ငံဖြစ် သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ အာဆီယံနှင့် ရုရှားနိုင်ငံတို့၏ဆက်ဆံရေးကို ညှိနှိုင်းရေးတာဝန်ယူထားသည်။ ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ၏မိတ်ဆွေနိုင်ငံဖြစ်သည့်အတွက် ရုရှားနှင့်အာဆီယံဆက်ဆံရေးပိုမိုကောင်းမွန်အောင် မြန်မာနိုင်ငံက ဆောင်ရွက်လျက်ရှိသည်။ အနှစ်ချုပ် ဆိုရသော် မြန်မာနှင့်ရုရှားဖက်ဒရေးရှင်းနှစ်နိုင်ငံ၏ နယ်ပယ်စုံပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုပါ ကြောင်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက် မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## လှိုင်းဘွဲ့မြို့နယ် ကော့ကရက်ကျွန်းနှင့် ကော့လုံကျွန်းတို့၌ စားဖိုဆောင်သီးနှံ စိုက်ပျိုးကြသူများရောင်းအားကောင်းလျက်ရှိ

**လှိုင်းဘွဲ့ မေ ၁၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကော့ကရက်ကျွန်းနှင့် ကော့လုံကျွန်းတို့တွင် စိုက်ပျိုးရေးလုပ်ကိုင်နေကြသော တောင်သူများ အနေဖြင့် စားဖိုဆောင်သီးနှံများကို အားထားစိုက်ပျိုး လုပ်ကိုင်လျက်ရှိပြီး အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် ကြံ၊ ပဲတီစိမ်း၊ ပဲပုပ်၊ နှမ်းနှင့် မြေပဲ စသည့်သီးနှံ များကိုလည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးလုပ်ကိုင်လျက် ရှိကြသည်။

လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသအနီးရှိ ကော့ကရက်ကျွန်းနှင့် ဖာပွန်မြို့နယ် ကမမောင်းမြို့၏ အရှေ့ဘက်ရှိ ကော့လုံကျွန်းတို့တွင် မိုးရာသီကာလ ရေကြီးနစ်မြုပ်သည့်အတွက် သီးနှံများစိုက်ပျိုး၍ မရကြသဖြင့် ဆောင်းရာသီနှင့် နွေရာသီကာလများ တွင်သာ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြ ရကြောင်း သိရသည်။

အဆိုပါ ကျွန်းနှစ်ကျွန်းတွင် နေထိုင်ကြသည့် တောင်သူအချို့က ဘုရားပန်းများနှင့် စားဖိုဆောင် သီးနှံများဖြစ်သော ကန်စွန်းရွက်၊ မုန်ညင်း၊ ဆလတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ပဲတောင့်ရှည်၊ သခွားသီး၊ ချဉ်ပေါင်၊ ရုံးပတီ၊ ဟင်းနုနယ်၊ ဘူးသီး၊ ရွှေဖရုံ၊ ကျောက်ဖရုံ၊ နံနံပင် စသည့်သီးနှံများကို စိုက်ပျိုး လျက်ရှိကြပြီး သီးနှံများ ရေရရှိစေရေးအတွက် သံလွင်မြစ်အတွင်းမှရေကို စက်များဖြင့်ရေတင်စိုက်ပျိုး ကြကြောင်း၊ သီးနှံများအထွက်တိုးစေရန် နွားချေး၊ ကြက်ချေး၊ ဝက်ချေးနှင့် ဘိုကာရှီသဘာဝမြေဩဇာ များကိုသာ အသုံးပြုစိုက်ပျိုးကြပြီး စိုက်ပျိုးသည့် သီးနှံစုံ၊ စိုက်ပျိုးနိုင်သည့်မြေကပေါ် မူတည်၍ နေ့စဉ်ဝင်ငွေရရှိကြကြောင်း သိရသည်။

(၄၀၆)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၉-၅-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News

၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်

၃။ ၁၅:၀၀ Jumping For You

၄။ ၁၆:၄၀ I Music

၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း

၆။ ၂၂:၂၀ Goodnight Listeners

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၀၂၄-၂၀၂၅ ခုနှစ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကျင်းပမည်

ရန်ကုန် မေ ၁၈

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၀၂၄-၂၀၂၅ ခုနှစ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်မှ ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်အထိ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်၍ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို မေလ ၂၄ ရက်တွင် ရွှေတိဂုံစေတီတော်ရင်ပြင် မြောက်ဘက် ရာဟုထောင့်အောင်မြေရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

ရွှေသင်္ကန်းကပ်လှူပူဇော်မှုအနေဖြင့် ခရစ်နှစ် ၁၈၉၉ ခုနှစ်က ငှက်ပျောဖူးတော်ကိုရွှေပြားသင်္ကန်းဖြင့် စတင်ကပ်လှူပူဇော်ခဲ့ပြီး ၁၉၃၆ ခုနှစ်က ဒုတိယဖောင်းရစ်အထိ ရွှေပြားကပ်လှူပူဇော်ခဲ့ကြောင်းနှင့် ၁၉၄၉ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ သုံးနှစ်လျှင်တစ်ကြိမ်၊ လေးနှစ်လျှင်တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။

ထို့နောက် ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အထိ လေးနှစ်လျှင်တစ်ကြိမ်၊ ငါးနှစ်လျှင်တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ပြီး ယင်းကာလများအတွင်း သဘာဝဘေးအန္တရာယ်အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးခဲ့ရသည့် ရွှေပြားများကိုလည်း လဲလှယ်ကပ်လှူပူဇော်ခဲ့ကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ကိုးကြိမ်မြောက် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းဖြစ်ကြောင်းနှင့် အလှူရှင်များအနေဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားနှင့်ပတ်သက်၍ သိရှိလိုပါက ဖုန်း-၀၁၈-၃၇၅၇၆၇ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

ဝန်းရံခ



# ယခုဘဏ္ဍာနှစ်စ ဧပြီလအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅၅ သန်းကျော်ရရှိ



ရန်ကုန် မေ ၁၈

ယခုဘဏ္ဍာနှစ်စ ဧပြီလအတွင်း ပုဂ္ဂလိကကဏ္ဍမှ ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅၅ သန်းကျော်ရရှိထားကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်၏ပြောကြားချက်အရ သိရသည်။

ယခုဘဏ္ဍာနှစ်စဧပြီလအတွင်း ပြည်ပသို့ ပုဂ္ဂလိကကဏ္ဍမှ ပျားရည်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်ရေးမှ ပျားရည်မက်ထရစ်တန် ၂၃၆ ဒသမ ၉၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅၅ သန်းကျော်ရရှိကြောင်း သိရသည်။

ထိုသို့တင်ပို့ရာတွင် ဂျပန်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၉၆ ဒသမ ၂၁ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၄၃၁၅ ဒေါ်လာရရှိခဲ့ပြီး ထိုင်းနိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၁၄၀ ဒသမ ၇ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၁၁၀၅၀ ဒေါ်လာရရှိခဲ့သည့်အတွက် စုစုပေါင်း မက်ထရစ်တန် ၂၃၆ ဒသမ ၉၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅၅ သန်းရရှိခဲ့ကြောင်း သိရသည်။

ပျားရည်ကို ပြည်ပနိုင်ငံများဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့သို့ အဓိကတင်ပို့လျက်ရှိကြောင်း ၊ ပျားရည်ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်နှင့် လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ်ကြောင်း သိရသည်။

စောယု

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၁၀၄၆ ဧက စိုက်ပျိုးရန်လျာထား

ပွင့်ဖြူ မေ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၁၀၄၆ ဧက စိုက်ပျိုးရန်လျာထားကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၁၀၄၆ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိတွင် နေကြာစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နေကြာ ၁၀၄၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်မှာ နေကြာစိုက်ပျိုးနိုင်ဖို့ လယ်ယာမြေထွန်ယက်ပြုပြင်တာတွေ လုပ်ဆောင်နေကြပါတယ်။ နေကြာက တစ်ဧက ဆီထွက်ရှိမှုမှာ တခြားဆီထွက်သီးနှံဖြစ်တဲ့ မြေပဲ၊ နှမ်းတို့ထက် ပိုများပါတယ်။ ဒီဒေသမှာ နေကြာကို ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပိုပြီးစိုက်ကြပါတယ်။ မိုးနေကြာကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ကြိုးကြပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ နေကြာကို တောင်သူများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ဧကပန်းတိုင်အထွက်နှုန်းများ ရရှိစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများကို ဒေသနှင့်ကိုက်ညီသော နေကြာမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး ၊ စိုက်နည်းစနစ်များ ပိုမိုကောင်းမွန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများနှင့် သင်တန်းများပေးခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားရေး သင်တန်းများပေးခြင်း၊ မြေဩဇာနှင့် သွင်းအားစုများ စနစ်တကျသုံးစွဲရေး အသိပညာပေးခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

နေကြာကို အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ သီးနှံဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဒေသမရွေးတိုးချဲ့စိုက်ပျိုးနိုင်ရန် ပိုမိုကြိုးပမ်းသင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"ကိုသိန်းဖေသည် ရယ်စရာပုံတိုပတ်စလေးများ ပြောတတ်သူဖြစ်ရာ-(ရယ်စရာများကို သတိရတတ်၍ ရယ်မိလျှင် အူတက်မတတ် ရယ်မိတတ်သော) ပြောသူကလည်း အပြောကောင်း၊ ရယ်သူများကလည်း မပြောမီကပင် ရယ်လိုက်မည်ဟု အသင့်ပြင်ဆင်ထားပြီးရကား လင်းအားကြီး အရုဏ်တက်အချိန်ကြီးတွင် တခစ်ခစ် တခိခိနှင့် ကျိတ်၍ရယ်မိကြပါတော့သည်။ ဤနည်းဖြင့် မိုးလင်းသည့်တိုင်အောင် အချိန်ဖြုန်းကြလေရာ ပီမိုးနင်းနှင့် ကိုသိန်းဖေတို့မှာ တစ်ညတည်းအတူပျော်ကြရရုံဖြင့် နှစ်ပေါင်းများစွာ ပေါင်းသင်းလာကြသည့် မိတ်ဆွေများသဖွယ် ခင်မင်ရင်းနှီးခြင်း ရှိသွားကြလေသည် . . ."

**ယမန်နေ့မှအဆက်**

ကျွန်ုပ်က

"ဘာလဲ သိလား ကိုသိန်းဖေ"

"ဆေးခြောက် မဟုတ်လားဗျာ"

"မြည်းဖူးသလား"

"ဒီနည်းတော့ မစမ်းဖူးဘူး၊ ကြက်သားနဲ့တော့ ချက်စားဖူးတယ်"

ပီမိုးနင်းက ဆက်လက်၍ -

"ကျေနပ်ပြီလား ကိုသိန်းဖေ"

"ဘာရှိသေးလဲဗျ"

"ခင်ဗျား ခံနိုင်ရည်ရှိပဲ့မလား"

"ကိစ္စမရှိပါဘူး၊ ခင်ဗျားတို့နဲ့ အတူပျော်ရပြီး သေသွားရင်လည်း ဝမ်းမနည်းဘူး"

ဤစကားမှာ တကယ်ပြောခြင်းဖြစ်၏။ ပျော်မှုနှင့်ပတ်သက်၍ တကယ်လောဘကြီးသော လူတစ်ယောက်ဖြစ်သည်။ ကျွန်ုပ်က ကန့်ကွက်ပါသေး၏။ သို့သော် ပီမိုးနင်းက အစဖော်လိုက်ပြီဖြစ်သောကြောင့် ကိုသိန်းဖေသည် သူ၏ဝါသနာအတိုင်း နားပူပါလေတော့သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် လမ်းလေးတစ်လမ်းသို့ဝင်ကြ၍ နှစ်ထပ်တိုက်တစ်တိုက်သို့ တက်ကြပြီးလျှင် အခန်းတစ်ခန်းသို့ ဝင်သွားကြရာ ညစ်နွမ်းနေသော ကြမ်းပြင်ပေါ်၌ အလွန်ပေရေညစ်ပတ်သော ယောကျ်ား၊ မိန်းမများသည် လဲလျောင်းလျက်ရှိခြင်းကို တွေ့ရ၏။ ကြက်ချေးနံ့နှင့်တူသော အနံ့ဆိုးသည်လည်း နှာခေါင်းထဲသို့ ဖွတ်တိုးဝင်လျက်ရှိ၏။ ကျွန်ုပ်မှာ ကြုံရဖူးသည်နှင့် ခံနိုင်သော်လည်း ကိုသိန်းဖေမူကား ရုတ်တရက် တန့်သွားခြင်းကို မြင်လိုက်ရသည်။ သို့ရာတွင် ကိုသိန်းဖေအကြောင်းကို ကျွန်ုပ်သိရသလောက်မှာ ပျော်မှုအတွက်ဆိုလျှင် ကြက်ချေးနံ့ကို မဆိုထားဘိ၊ လူချေးတွင်းထဲသို့လည်း ကျွန်ုပ်တို့ဆင်းလျှင် လိုက်၍ ဆင်းမည့်သူဖြစ်လေသည်။

ပထမ၌ ကိုသိန်းဖေသည် လက်ကိုင်ပဝါကိုထုတ်၍ နှာခေါင်းသို့ ပိတ်ဆို့မည်ပြုပြီးမှ အံကြိတ်ကာ ပြန်၍ ထည့်လိုက်သည်။ ကြက်ချေးနံ့မှာ တခြားမဟုတ်၊ မာဖီးယားသမားများ၏ကိုယ်မှ တငွေ့ငွေ့ထွက်လျက်ရှိသည့် ချွေးနံ့ပင်ဖြစ်လေသည်။ တစ်ယောက်တည်း အဖို့၌ ဤမျှလောက် မထင်ရှားသော်လည်း ရေမချိုးသည့် ကူလီအတန်းအစား ယောကျ်ား၊ မိန်းမ တစ်ဒါဇင်ခန့်တို့၏ ကိုယ်ကာယမှသည် ညစ်ပတ်ပေရေသောကြမ်းပြင်မှ တငွေ့ငွေ့တလူလူပျံ့လွင့်လျက်ရှိခြင်းဖြစ်သောကြောင့် အတော်အတန်လူများ မခံမရပ်နိုင်အောင် ရှိတော့သည်။ ကျွန်ုပ်ကိုယ်တိုင်မှာလည်း ပထမအကြိမ် ပီမိုးနင်းနှင့်ရောက်ဖူးစဉ်က လေ့ကားမှ ပြန်ဆင်းပြေးခဲ့ရဖူးသည်။ ဤအရာမျိုးတွင် ကိုသိန်းဖေသည် ကျွန်ုပ်ထက် အသည်းကောင်းပါသည်။ ထို့ကြောင့်လည်း ကျွန်ုပ်အား ''ကော့ပါးဖီးလ်''ဟု ခေါ်ခြင်းဖြစ်လေသည်။

**လောဘကြီးသော ကိုသိန်းဖေ**

အခန်း၏တစ်ထောင့်၌ မင်အိုးဖြင့်ထည့်သော ရေကြည်ဘူးလေးနှင့် စီးကရက်သံဘူးပြားလေးကို ရှေ့တွင်ချထားကာ ဝိုင်းထိုင်နေကြသော လူသုံးလေးယောက်ရှိရာသို့ ကျွန်ုပ်တို့လူသုံးယောက်သွား၍ ထိုင်ကြ၏။ မင်အိုးဖြင့်ထည့်သောရေကြည်မှာ ရေကိုချက်၍ ချွေးထုတ်ယူထားသည့် 'ရေကြည်'(Distilled Water) ဖြစ်လေရာ စီးကရက်သံဘူးပြားလေးထဲ၌ကား မာဖီးယားထုပ်လေးများနှင့် ကုတ်ကင်းထုပ်လေးများ ထည့်ထား၏။ လူတစ်ယောက်လျှင် အနည်းဆုံးကုတ်ကင်းမှုထုပ်နှင့် မာဖီးယားသုံးပဲထုပ်လိုလေသည်။ ဆေးထိုးသမားသည် ကုတ်ကင်းတစ်ထုပ်နှင့် မာဖီးယားတစ်ထုပ်ကို ပန်းကန်လုံးလေးထဲသို့ ဖြည့်ထည့်၍ မင်ဘူးထဲမှ ရေကြည်နှင့် ရောစပ်၏။ ထို့နောက် ဆေးထိုးပြွတ်လေးထဲသို့ စုပ်ယူလိုက်ပြီးလျှင် လောဘကြီးသော ကိုသိန်းဖေအား ရှေးဦးစွာ ထိုးပေးရ၏။ တခြားလူတစ်ယောက်သည် မိမိမစမ်းသပ်ဖူးသော အလုပ်တစ်ခုတွင် သူတစ်ပါးနောက်မှ လုပ်မည်ဖြစ်သော်လည်း ကိုသိန်းဖေမူကား သူတစ်ပါးကို မစောင့်နိုင်၊ သူသာလျှင် ရှေးဦးစွာ လုပ်လိုက်ချင်သည်အထိ လောဘကြီးသူဖြစ်လေသည်။ ပန်းကန်လုံးလေးမှ သုံးပြွတ်စာထွက်၍ ထိုးပြီးသောအခါ ကိုသိန်းဖေသည် ကောင်းကောင်းမသိသာသေးဟုဆိုကာ ထပ်၍ထိုးချင်သေးသော်လည်း ကျွန်ုပ်တို့က စောင့်ကြည့်ပါဦးဆိုကာ တောင်းပန်ထားကြရလေသည်။ (မာဖီးယားကို ကုတ်ကင်းနှင့်ရောစပ်၍ထိုးရခြင်းမှာ ကုတ်ကင်း 'ဇိမ်'အတွက် မဟုတ်၊ ဆေးထိုးသောအခါ၌ မနာစေရန် ဖြစ်လေသည်။ ကုတ်ကင်းရောစပ်၍ ထိုးသောအခါ လုံးဝနာကျင်ခြင်းမရှိဘဲ ယားကျိကျိမျှသာ ရှိလေသည်။)

ကျွန်ုပ်တို့သုံးယောက်စလုံး တစ်လှည့်စီထိုးပြီးကြ၍ ကိုသိန်းဖေအား ''ဘယ့်နှယ်လဲဆရာကြီး ထိုးဦးမလား''ဟု မေးရာတွင် ကိုသိန်းဖေမှာ ဦးခေါင်းယမ်း၍သာ ပြနိုင်တော့သည်။ အကြောင်းမူကား သူသည် ကျွန်ုပ်တို့အထဲတွင် 'အူရိုင်း'သက်သက်ဖြစ်၍ အတော် ''ထိ'' လျက်ရှိပေသောကြောင့်တည်း။ ကိစ္စပြီး၍ ထမည်ပြုကြသောအခါ ကိုသိန်းဖေ မထနိုင်တော့ချေ။ ထမည်လုပ်ပြီးမှ ပြန်၍ထိုင်သွားသည်။ မျက်တောင်များကား စင်းလျက်ရှိလေပြီ။ ခက်ချေပြီတကား။ ဤတွင် ကုလားတစ်ယောက်က ဆောင်းထားသောဦးထုပ်ကိုချွတ်၍ ကိုသိန်းဖေ၏မျက်နှာကို ဖုံးပေးလိုက်ရာ ငါးမိနစ်ခန့်ကြာသောအခါ လူကောင်းပကတိဖြစ်၍ ကြည်လင်စွာရှိလာလေပြီ။ ပြန်ကြဖို့ပြောသောအခါ ကိုသိန်းဖေက အနည်းဆုံး တစ်ပြွတ်တည်းဖြစ်စေ ဖြည့်ခဲ့ပါရစေဦးဟု ပြောသေး၏။ အတော်ရွှတ်သော လူတစ်ယောက်ပေတည်း။ သို့ရာတွင် ကျွန်ုပ်တို့က မလျော်ကြောင်းပြော၍ အတင်းခေါ်ခဲ့ရလေသည်။ ပီမိုးနင်းက ''ကျုပ်တို့အထဲမှာတော့ ဗိုလ်စွဲတဲ့ လူတစ်ယောက်ပဲဗျို့'' ဟူ၍ အောချသော အမူအရာနှင့် ကျွန်ုပ်အား ပြောလေသည်။ (ထိုစဉ်ကမူ ရန်ကုန်တစ်မြို့လုံးတွင် မာဖီးယားခန်းဟူ၍ ဤတစ်ခန်းတည်းသာရှိလေရာ ပီမိုးနင်း၏ ဗဟုသုတအစွမ်းကြောင့် ကျွန်ုပ်တို့ ရောက်နိုင်ခြင်းဖြစ်လေသည်။ ဤခေတ်၌မူ ရှိကောင်းမှ ရှိတော့မည် ထင်သည်။)

**ပီမိုးနင်း၏ တိုက်ခန်း**

ကျွန်ုပ်တို့သည် မာဖီးယားခန်းမှ ဆင်းလာကြသောအခါ လန်ချားနှစ်စီးခေါ်ယူ၍ ကိုသိန်းဖေနှင့် ပီမိုးနင်းကတစ်စီး၊ ကျွန်ုပ်နှင့် ဘဲကင်ကတစ်စီး ပြန်၍လာကြ၏။ ကရိလမ်းထောင့်၌ရှိသော ပီမိုးနင်း၏ တိုက်ခန်းသို့ ရောက်ကြသောအခါ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သည် နံနက်ခင်းရောင်းရန်အတွက် နံပြားများ ဖုတ်လျက်ရှိလေပြီ။ ကျွန်ုပ်တို့သည် နံပြားခြောက်ခုဝယ်၍ ပီမိုးနင်း၏တိုက်ခန်းသို့တက်လာကြပြီး ပီမိုးနင်းကတော်နှင့် သားလေးများကို နှိုး၍ ဘဲကင်ကို အတုံးအတစ်ဖြစ်အောင် ခုတ်စဉ်းစေ၏။ ထို့နောက် အိမ်သားအားလုံး ဘဲကင်နှင့် နံပြားကို ဝိုင်းဖွဲ့ကာ မြိန်ရှက်စွာ စားသောက်ကြ၏။ ကိုသိန်းဖေကမူ ဤမျှလောက်ကောင်းသောနံပြားနှင့် ဤမျှလောက် ချိုဆိမ့်သောဘဲကင်ကို တစ်သက်လုံးမစားဖူးကြောင်း ပြောရာ ပီမိုးနင်းနှင့် ကျွန်ုပ်တို့က ရယ်ကြရသေးသည်။ အကြောင်းမူကား ဘဲကင်၏ ထူးခြားချက်ကြောင့်မဟုတ် ဆေးခြောက်၏သတ္တိဖြစ်ခြင်းကို ကျွန်ုပ်တို့ သိကြရသောကြောင့်ဖြစ်လေသည်။ လူခြောက်ယောက်တို့သည် နံပြားခြောက်ခုနှင့် ဘဲကင်တစ်ကောင်ကို အရိုးပါ ဖြုံအောင်စုပ်ကြပြီးနောက် အိမ်ရှေ့ခန်းတွင် မွေ့ရာကြီးခင်း၍ ကျွန်ုပ်တို့သုံးယောက်သား အတူတကွအိပ်ကြလေသည်။ အမျိုးမျိုးစုံအောင်လုပ်ခဲ့ကြသောကြောင့် ခေါင်းအုံးနှင့် ဦးခေါင်း ထိမိသည်နှင့်တစ်ပြိုင်နက် အိပ်ပျော်သွားကြသည်ဟု ထင်ကြလျှင် မှားကြပေလိမ့်မည်။ အိပ်ရာနံဘေးတွင် စီးကရက်၊ ဆေးပေါ့လိပ်၊ မီးခြစ် စသည်များကို ချထား၍ ကိုယ်တွေ့အဖြစ်အပျက်များကို ဆေးလိပ်တဖွာဖွာနှင့် ဟားတိုက်ကာ တစ်လှည့်စီပြောကြလေတော့သည်။ ကိုသိန်းဖေသည် ရယ်စရာပုံတိုပတ်စလေးများ ပြောတတ်သူဖြစ်ရာ-(ရယ်စရာများကို သတိရတတ်၍ ရယ်မိလျှင် အူတက်မတတ် ရယ်မိတတ်သော) ပြောသူကလည်း အပြောကောင်း၊ ရယ်သူများကလည်း မပြောမီကပင် ရယ်လိုက်မည်ဟု အသင့်ပြင်ဆင်ထားပြီးရကား လင်းအားကြီး အရုဏ်တက်အချိန်ကြီးတွင် တခစ်ခစ် တခိခိနှင့် ကျိတ်၍ ရယ်မိကြပါတော့သည်။ ဤနည်းဖြင့် မိုးလင်းသည့်တိုင်အောင် အချိန်ဖြုန်းကြလေရာ ပီမိုးနင်းနှင့် ကိုသိန်းဖေတို့မှာ တစ်ညတည်း အတူပျော်ကြရရုံဖြင့် နှစ်ပေါင်းများစွာ ပေါင်းသင်းလာကြသည့် မိတ်ဆွေများသဖွယ် ခင်မင်ရင်းနှီးခြင်း ရှိသွားကြလေသည်။ ဤအကြောင်းကို မသိသောလူများသည် တစ်ညတာလေးအတွက်နှင့် ဤအဖြစ်မျိုးသို့ ရောက်နိုင်သည်ဆိုခြင်းကို ယုံကောင်းမှပင် ယုံနိုင်ကြပေလိမ့်မည်။ ဤကဲ့သို့ အတူပျော်ကြခြင်းမှာ ထိုညသည် ပထမဆုံးနှင့် နောက်ဆုံးညဖြစ်လေရာ ကိုသိန်းဖေပြန်သွားသည့်နောက်တွင်လည်း ဤလူနှစ်ယောက်တို့သည် တစ်ယောက်အကြောင်းကို တစ်ယောက် တစ်မေးတည်းမေးကြ၍ မမေ့နိုင်သော မိတ်ဆွေများအဖြစ်သို့ ရောက်သွားကြလေတော့သည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# ပြင်သစ်နိုင်ငံ၌ကျင်းပမည့် Apparel Sourcing Paris 2025 ပြပွဲပါဝင်ပြသရန်ဖိတ်ခေါ်ထား

ရန်ကုန် မေ ၁၈

Messe Frankfurt France မှကြီးမှူးကျင်းပမည့် Apparel Sourcing Paris 2025 ပြပွဲကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့ Paris Le Bourget, France ၌ စက်တင်ဘာလ ၁၅ ရက်မှ ၁၇ ရက်အထိကျင်းပမည်ဖြစ်ရာ မြန်မာအထည်ချုပ်လုပ်ငန်းရှင်များအား ပါဝင်ပြသရန်ဖိတ်ခေါ်ထားကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) သည် ဥရောပနိုင်ငံမှဝယ်လက်များနှင့်ချိတ်ဆက်နိုင်ရန် Myanmar Pavilion အနေဖြင့် ၂၀၂၂ ခုနှစ်မှစတင်၍ ပြပွဲတွင်ဝင်ရောက်ပြသလေ့ရှိပြီး ယခုနှစ်တွင်လည်း Made in Myanmar ထုတ်ကုန်များ ပါဝင်ပြသလိုသည့် အသင်းဝင်စက်ရုံများကို ဖိတ်ခေါ်ထားသည်။ အသင်းဝင်များအနေဖြင့် ပြခန်းပြသလိုပါက ပြခန်းကုန်ကျငွေကို စရိတ်မျှခံစနစ်ဖြင့် ကျခံ၍ လိုက်ပါနိုင်မည်ဖြစ်ပြီး ပြပွဲလေ့လာသူနှင့်လိုက်ပါလိုသည့် အသင်းဝင်စက်ရုံများအနေဖြင့်လည်း Registration Fees ပေးသွင်း၍ လိုက်ပါနိုင်မည်ဖြစ်သည်။

အဆိုပါပြပွဲအား တစ်နှစ်လျှင်နှစ်ကြိမ် ပါရီမြို့၌ကျင်းပလေ့ရှိပြီး ဖက်ရှင်လုပ်ငန်းမှ ပြပွဲပြသသူ ၁၀၀၀ ကျော် ပါဝင်ပြသသည့်ပြပွဲလည်းဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ စီးပွားဖြစ်ဝယ်ယူသူများအတွက် အခြေခံပစ္စည်းများမှအစပြု၍ အဆန်းသစ်ဆုံးနှင့် အရည်အသွေးအမြင့်ဆုံးထုတ်ကုန်များအထိ စုံလင်စွာရှာဖွေဝယ်ယူနိုင်သည့် ပလက်ဖောင်းတစ်ခုဖြစ်ကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ၏ အသင်းဝင်စက်ရုံ၊ ကုမ္ပဏီများမှ Apparel Sourcing Paris 2025 ပြပွဲသို့ တက်ရောက်ရန် စိတ်ဝင်စားပါက ဖုန်း-၀၉-၄၃၀၈၁၄၂၄ သို့ မေလ ၃၁ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ဝန်းရံခ**

# အမြို့မြို့အနယ်နယ်၌ သင်ကြားသင်ယူမှုလုပ်ငန်းများထိရောက်အောင်မြင်စေရေး ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းများဖွင့်လှစ်

## မြိတ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ခရိုင်အဆင့် အခြေခံပညာအထက်တန်းအဆင့် (Grade-10, Grade-11 ) ဘာသာရပ်မွမ်းမံဆွေးနွေးပွဲကို အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မေလ ၁၈ ရက်နံနက်ပိုင်းက ကျင်းပသည်။

ဆွေးနွေးပွဲကို မြိတ်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ၌ သင်ကြားသင်ယူမှုလုပ်ငန်းများထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အခြေခံပညာအထက်တန်းအဆင့်သင် ဆရာ၊ ဆရာမများ၏အတန်းအလိုက်၊ ဘာသာရပ်အလိုက်သင်ကြားမှု အရည်အသွေးများကို ထပ်ဆင့်မြှင့်တင်ပေးရန်ရည်ရွယ်၍ ဘာသာရပ်မွမ်းမံဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးသန်းထိုက်က ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆွေးနွေးပွဲကို မေလ ၁၈ ရက်မှ ၂၀ ရက်အထိ ဘာသာရပ်အလိုက် အတန်းအလိုက် ဆွေးနွေးကြမည်ဖြစ်သည်။



အဆိုပါဆွေးနွေးပွဲသို့ မြိတ်ခရိုင်အတွင်းရှိ မြိတ်မြို့နယ်မှ ၂၃၈ ဦး၊ ကျွန်းစုမြို့နယ်မှ ၁၄၇ ဦး၊ ပုလောမြို့နယ်မှ ၁၀၅ ဦး၊ တနင်္သာရီမြို့နယ်မှ ၃၅ ဦး စုစုပေါင်း ၅၂၅ ဦး တက်ရောက်ခဲ့ကြပြီး နည်းပြ ၃၅ ဦးက ဘာသာရပ်အလိုက် နံနက် ၉ နာရီမှညနေ ၄ နာရီအထိ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

## ကြံခင်း

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့တွင် လုပ်သက် ၁၀ နှစ်အောက် ဆရာ၊ ဆရာမများအား ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းကို မေလ ၁၈ ရက်နံနက်၉ နာရီတွင်စတင်၍ သင်ကြားပို့ချပေးလျက်ရှိသည်။



အဆိုပါ စွမ်းရည်မြှင့်သင်တန်းတွင် ကြံခင်းမြို့နယ်အတွင်းရှိ လုပ်သက် ၁၀ နှစ်အောက် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ဆရာ၊ ဆရာမများ တက်ရောက်သင်ကြားလျက်ရှိပြီး ထိုသို့ သင်ကြားနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ ခရိုင်ပညာရေးမှူး ဦးမြင့်အောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ဌေးဌေးတို့က လှည့်လည်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဘာသာရပ်ဆွေးနွေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းစွမ်းရည်မြှင့်သင်တန်းကို မေလ ၁၈ ရက်မှ ၂၀ ရက်အထိ ပို့ချပေးသွားမည်ဖြစ်ပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မူလတန်းအဆင့် ဆရာ၊ ဆရာမ ၂၇၅ ဦး၊ နည်းပြ ၂၀ ဦးဖြင့်လည်းကောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ အလယ်တန်းဆင့် ဆရာ၊ ဆရာမ ၅၆ ဦး၊ နည်းပြ ၆ ဦး စုစုပေါင်း ဆရာ၊ ဆရာမ ၃၃၁ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှသိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

## လှိုင်းဘွဲ့

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာအလယ်တန်းအဆင့်နှင့်မူလတန်းအဆင့် ဘာသာရပ်ဆိုင်ရာစွမ်းရည်မြှင့်ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို မေလ ၁၈ ရက်နံနက်၉ နာရီတွင် လှိုင်းဘွဲ့မြို့ အခြေခံပညာအထက်တန်းကျောင်း ပန်းဝတ်မှုံခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစောခင်းစလေက အခြေခံပညာအဆင့်ဘာသာရပ်ဆိုင်ရာစွမ်းရည်မြှင့်ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

အဆိုပါအခြေခံပညာမူလတန်းအဆင့် ဘာသာရပ်ဆိုင်ရာစွမ်းရည်မြှင့်ဆွေးနွေးပွဲကို အခြေခံပညာအထက်တန်းကျောင်း၌ ဦးဆောင်ဆွေးနွေးသူ နည်းပြ ဆရာ၊ ဆရာမ ၂၈ ဦး၊ ဆွေးနွေးကြမည့် ဆရာ၊ ဆရာမ ၄၂၃ ဦးတို့က မူလတန်းအဆင့် KG တန်းမှ Grade-4 အထိ အတန်းလိုက် သင်ကြားပို့ချမည့် ဘာသာရပ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။ အလားတူ အခြေခံပညာ အလယ်တန်းအဆင့် ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်ဆွေးနွေးပွဲကို လှိုင်းဘွဲ့မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဦးဆောင်ဆွေးနွေးသူနည်းပြ ဆရာ၊ ဆရာမ ၁၂ ဦး၊ ဆွေးနွေးကြမည့် ဆရာ၊ ဆရာမ ၁၄၅ ဦးတို့က Grade-6 မှ Grade-9 အထိ သင်ကြားပို့ချမည့် ဘာသာရပ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲကို မေလ ၁၈ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးထံမှ သိရသည်။

**စောဒီ(ပြန်/ဆက်)**

## ဝါးခယ်မ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် စာရေးကုန်းရပ်ကွက် အထက(၁) ကျောင်း ဒေါ်ပိုက်မိခန်းမ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် အခြေခံပညာအလယ်တန်းနှင့် မူလတန်းအဆင့်ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲ ဖွင့်ပွဲကို မေလ ၁၈ ရက်နံနက် ၁၁ နာရီခွဲတွင်ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်က ကျောင်းဖွင့်ချိန်တွင် ကျောင်းနေအရွယ် ကလေးများအားလုံး ရာနှုန်းပြည့်ကျောင်းအပ်နှံပြီး တက်ရောက်နိုင်ရေး၊ ဝါးခယ်မမြို့နယ်သို့ ရောက်ရှိနေသည့် ယာယီနေရပ်စွန့်ခွာသူများထဲမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများရှိပါက အထက်ဌာနအဆင့်ဆင့်သို့ သတင်းပေးပို့တင်ပြပြီး ကျောင်းတက်ရောက်နိုင်ရေးအတွက် မိမိတို့တာဝန်ကျရပ်ကွက်၊ ကျေးရွာအလိုက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့်အတူ ပူးပေါင်းစည်းရုံးဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက်မြို့နယ်ပညာရေးမှူး နန်းစန်စွမ်းက စွမ်းရည်မြှင့် ဆွေးနွေးပွဲ ပြုလုပ်ရခြင်းအားရှင်းလင်းခဲ့ပြီး အထက (၂) ဝါးခယ်မတွင် အခြေခံပညာအလယ်တန်းအဆင့် ဆွေးနွေးပွဲကိုလည်းကောင်း၊ မူလတန်းအဆင့်ဆွေးနွေးပွဲကို သင်တန်းသား၊ သင်တန်းသူ ၁၇၂၅ ဦးအား နည်းပြ ၁၀၈ ဦးဖြင့် အထက(၁) (ဝါးခယ်မ)၊ အထက (ရွှေလောင်း)၊ အထက (ကျုံမငေး) တို့တွင် မေလ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**လှမ်းသီဟ (ဝါးခယ်မ)**



## ကျိုက်ထို

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ်တွင်၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာ အလယ်တန်းအဆင့်နှင့်မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို မေလ ၁၈ ရက်နံနက် ၉ နာရီတွင် ကျိုက်ထိုမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရာပြည့်ခန်းမ၌ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးမောင်ညိုက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အား ပြောကြားပြီး ဒုတိယပညာရေးမှူး ဦးစိုးမိုးအေးက သင်တန်းဆိုင်ရာစည်းကမ်းချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားပြီး သင်ကြားရမည့်ဘာသာရပ်အား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် အလယ်တန်းအဆင့်အားနည်းပြ ၁၇ ဦးကသင်တန်းသား၊ သင်တန်းသူ ၆၉ ဦးအား မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီ၊ သမိုင်း၊ သိပ္ပံဘာသာရပ်များကိုလည်းကောင်း မူလတန်းအဆင့်အားနည်းပြ ၁၀ ဦးက Kgမှ(Grade1,2,3,4 ) သင်ရိုးညွှန်းတမ်းဘာသာရပ်များကိုလည်းကောင်း မေလ ၁၈ ရက်မှ ၂၀ ရက်အထိ သင်ကြားဆွေးနွေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှသိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# ငဖဲမြို့နယ်၌ အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကျင်းပ

ငဖဲ မေ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ထမ်းများအား သင်ကြားသင်ယူမှုစွမ်းရည်တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ အခြေခံပညာမူလတန်းနှင့် အလယ်တန်း အဆင့် ဆရာ၊ ဆရာမများအား ဘာသာရပ်စွမ်းရည် မြှင့်ဆွေးနွေးပွဲကို မေလ ၁၈ ရက် တွင် ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းနှင့် အလယ်တန်း အဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကျင်းပ မည့်စာသင်ခန်းအလိုက် သင်တန်းကြီးကြပ်သူနှင့် နည်းပြဆရာ၊ ဆရာမများက သင်တန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

အဆိုပါဘာသာရပ် စွမ်းရည်မြှင့်ဆွေးနွေးပွဲတွင် အခြေခံပညာမူလတန်းအဆင့်နည်းပြဆရာ၊ ဆရာမ ၂၀ ဦးက KG မှ Grade-4 အထိ သင်တန်းသား ဆရာ၊ ဆရာမ ၂၆၂ ဦးနှင့် အခြေခံပညာအလယ် တန်းအဆင့် နည်းပြဆရာ၊ ဆရာမခြောက်ဦးက Grade-6 မှ Grade-8 အထိ သင်တန်းသားဆရာ၊ ဆရာမ ၇၄ ဦး စုစုပေါင်း ၃၃၆ ဦးတို့အား သင်ရိုးညွှန်း တမ်းများအရ ဘာသာရပ်အလိုက် ဆွေးနွေးပို့ချ လျက်ရှိပြီး အဆိုပါသင်တန်းကာလမှာ မေလ ၁၈ ရက်မှ ၂၀ ရက်အထိဖြစ်သည်။

ယခုကဲ့သို့သင်ကြားမည့် ဘာသာရပ်အလိုက် သင်ခန်းစာများဆွေးနွေးပေးခြင်းဖြင့် ဆရာ၊ ဆရာမ များ၏သင်ကြားမှုစွမ်းရည်တိုးတက်မြင့်မားလာပြီး ကျောင်းသား၊ ကျောင်းသူများ၏သင်ယူမှု၊ လိုက်နာ မှတ်သားမှုနှင့် နားလည်မှုစွမ်းရည်ပိုမိုမြင့်မားလာ မည်ဖြစ်ကြောင်း သိရသည်။

မယု(ငဖဲ)



# ကျုံပျော်မြို့နယ်၌ ပဲတီစိမ်းဝယ်လိုအားကောင်းပြီး အရောင်းအဝယ်သွက်နေ

ကျုံပျော် မေ ၁၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော် မြို့နယ်၌ ပဲတီစိမ်းဝယ်လိုအားကောင်းပြီး အရောင်း အဝယ်သွက်နေကြောင်း ကျုံပျော်မြို့နယ်မှ ပဲမျိုးစုံ ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ရီရီထွန်း၏ ပြောပြချက်အရ သိရသည်။

ကျုံပျော်မြို့နယ်၌ ယခုနှစ် မေလပထမပတ်မှစ၍ လက်ရှိအချိန်ထိ ပဲတီစိမ်းဝယ်လိုအားကောင်းပြီး အရောင်းအဝယ်သွက်နေကြောင်း၊ အဆိုပါပဲတီစိမ်း ဝယ်လိုအားကောင်းလာခြင်းသည် ဒေသထွက်ပဲတီစိမ်း ကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းလာခြင်း ကြောင့်ဖြစ်ကြောင်း သိရသည်။

''ဒေသထွက်ပဲတီစိမ်းတွေကို ရန်ကုန်ဈေးကွက်အပြင် တခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ မေလ ပထမပတ်လောက်ကနေစပြီး ပဲတီစိမ်းသိသိသာသာ အဝယ်လိုက်လာတာပါ။ ဒေသထွက်ပဲတီစိမ်းကို ရန်ကုန် ဈေးကွက်က အဝယ်လိုက်တဲ့အပြင် ပဲအထွက်နည်း လို့ အရောင်းသွက်နေတာပါ'' ဟု ဒေါ်ရီရီထွန်းကပြော သည်။

ကျုံပျော်မြို့နယ်၌ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်လယ်ယာထွက် ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိပြီး ပဲတီစိမ်းအပြင် မတ်ပဲ၊ ပဲစင်းငုံ၊ ပြောင်း၊ စပါး၊ ဆန်နှင့် ရာသီထွက်ကုန်များကိုလည်း ရန်ကုန်ဈေးကွက်အပြင် တခြားဒေသများသို့လည်း တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်

# ကော့ဝါးမီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး


လှိုင်းဘွဲ့ မေ ၁၈

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ပတ်ကျောကျေးရွာအုပ်စု ကော့ဝါးမီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် လျှပ်စစ်မီးသွယ် တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မေလ ၁၈ ရက်တွင် တာဝန်ရှိသူများ ကွင်း ဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်း ဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနစီမံကိန်းတာဝန်ခံ ဒေါ်မေခင် ခင်ထူးနှင့်ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကော့ဝါးမီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် လျှပ်စစ်မီးသွယ် တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းတာဝန်ခံ ဒေါ်မေခင်ခင်ထူးကဆောင်ရွက်ပြီး လုပ်ငန်း များ ရေရှည်တည်တံ့ခိုင်မြဲအောင် ကျေးရွာ သူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ကြရန် ပြောကြား သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင် ရွက်ခဲ့သော ၁၀ နှစ်တာကာလအတွင်း အတိုးရငွေ ၄၃ ဒသမ ၅၀၇ သန်းရရှိသည့် အနက် ငွေကျပ် ၁၈ ဒသမ ၃ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ၅၂ ဒသမ ၄၁၄၅ သန်းဖြင့် လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ် ကြောင်း သိရသည်။

ကိုသက်




# စေတုတ္တရာမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ (အကြို) သစ်ပင်စိုက်ပွဲကျင်းပ



စေတုတ္တရာ မေ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် မုန်းတမံ ၄ မိုင်လမ်းခွဲမှ ၁ မိုင် ၆ ဖာလုံ ကားလမ်းဘေး၌ မေလ ၁၈ ရက်တွင် မိုးရာသီ (အကြို) သစ်ပင်စိုက်ပွဲ ကျင်းပသည်။

ယင်းသစ်ပင်စိုက်ပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစွမ်းထက်ကို ဦးဆောင်၍ ဝန်ထမ်းများက ပျိုးပင်များဖြန့်ဝေပေးကြပြီး တက်ရောက်လာကြသူများ က သစ်ပင်များစိုက်ပျိုးကြသည်။

အဆိုပါသစ်ပင်စိုက်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟိန်းထက်အောင်နှင့် အဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက် ကြသည်။

ယင်းသစ်ပင်စိုက်ပွဲတွင် ကျွန်းပင် ၂၀၀၊ ပျဉ်းကတိုးပင် ၁၀၀ စိုက်ပျိုးခဲ့ပြီး ဗာဒံပင် ၅၅ ပင်၊ စစ်ပင် ၁၀၀၊ ပိတောက်ပင် ၁၀၀၊ မဲဇလီပင် ၁၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဆန်းကိုကို(ပြန်/ဆက်)

# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့်အလှူပစ္စည်းများလှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း


























၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့်လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့ လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃)တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှ ခွင့်ပြု ထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်း အမှတ် OA-011834 ကိုဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေး ဘဏ်၊ ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ် ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့်လှူဒါန်း နိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် –

**– SWIFT CODE** **– MYEBMMMY**

**– Beneficiary Name** **– Natural Disaster Management Fund**

**– Beneficiary A/C No** **– EDN-600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့်အလှူပစ္စည်းများလှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ် မေးမြန်းလှူဒါန်းနိုင်ပါသည် –

| **နေပြည်တော်** | **ရန်ကုန်မြို့** | **မန္တလေးမြို့** |
|---|---|---|
| ဒေါ်လွဲ့လွဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် –

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅)လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# လျှို့ဝှက်သကြားများပါဝင်သော နေ့စဉ်အစားအစာများ

ဒေါက်တာသိင်္ဂီကျော်

လတ်ဆတ်သောသစ်သီးများနှင့် ရိုးရိုးနို့ထွက်ပစ္စည်းများကဲ့သို့သော အစားအစာများတွင် သဘာဝသကြားဓာတ်တချို့ပါဝင်သော်လည်း အာဟာရပြည့်ဝသည့်အစားအစာများဖြစ်၍ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများတွင် ပါဝင်သင့်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သကြားစားသုံးမှုကို တစ်ရက်လျှင် လက်ဖက်ရည်ဇွန်းခြောက်ဇွန်း သို့မဟုတ် ၂၄ ဂရမ်အထိကန့်သတ်ရန် အကြံပြုထားသည်။ လူအများစုသည် သကြားအကြောင်းစဉ်းစားရာတွင် သကြားလုံး၊ အချိုရည်၊ ရေခဲမုန့်နှင့် မုန့်ဖုတ်ပစ္စည်းများကဲ့သို့ ချိုမြိန်သောအရသာရှိသည့်အစားအစာများကို တွေးကြလေ့ရှိသည်။ သို့သော် နေ့စဉ်စားသုံးသည့်အစားအစာများစွာထဲတွင် မသိလိုက်ဘဲပါဝင်နေသော လျှို့ဝှက်သကြားများရှိနေတတ်ကြောင်း သိထားရန်လိုအပ်ပါသည်။

### ပေါင်းထည့်သကြား

အစားအစာများတွင် အရသာပိုကောင်းစေရန် သကြားကိုမကြာခဏထည့်လေ့ရှိသည်။ ထုပ်ပိုးထားသောအစားအစာများကို စီမံဆောင်ရွက်သည့်အချိန်တွင် သကြားအပိုများထည့်ထားတတ်သည်။ ထို့ပြင် ထုပ်ပိုးထားသောအစားအစာများ၏ သက်တမ်းကိုတိုးမြှင့်ရန်လည်း ထည့်လေ့ရှိသည်။ ခေါက်ဆွဲဆော့စ်ကဲ့သို့ အရသာရှိသောအစားအစာတချို့တွင်ပင် စားသုံးသူများ မထင်မှတ်ထားသောသကြားများကို ထည့်ထားကြသည်။

### လျှို့ဝှက်သကြား

လျှို့ဝှက်သကြားသည် အစားအစာနှင့်အချိုရည်များတွင် လူသိနည်းသောအမည်များကိုအသုံးပြု၍ အသွင်ယူထည့်ထားသောသကြားများဖြစ်သည်။ မုန့်ဖုတ်ပစ္စည်းများ၊ ခေါက်ဆွဲများ၊ ဆော့စ်များနှင့် အချိုရည်များအပါအဝင် အစားအစာများစွာတွင် လျှို့ဝှက်သကြားများကို တွေ့ရှိနိုင်သည်။ လျှို့ဝှက်သကြားတွင် ဥပမာအားဖြင့် သကြားညို၊ ဝတ်ရည်၊ ပြောင်းဖူးရည်၊ ပျားရည်၊ Dextrose၊ Fructose၊ Glucose၊ Maple Syrup နှင့် Sucrose တို့ပါဝင်သည်။

### အာဟာရအညွှန်းများအမြဲဖတ်ရန်

အစားအစာများတွင် သကြားမည်မျှပါဝင်သည်ကိုသိရှိရန် အကောင်းဆုံးနည်းလမ်းမှာ အာဟာရဆိုင်ရာအညွှန်းများကို အမြဲဖတ်ရန်ဖြစ်သည်။ ကုန်အမှတ်တံဆိပ်ပေါ်ရှိ ပါဝင်ပစ္စည်းစာရင်းကိုဖတ်လျှင် အမြင့်ဆုံးပမာဏမှ အနည်းဆုံးပမာဏအထိ ပါဝင်ပစ္စည်းများကို အမြဲဖော်ပြထားသည်။ အညွှန်းသည် အစားအစာတွင်ပါဝင်သော သဘာဝသကြားများနှင့် ပေါင်းထည့်သကြားများဖြစ်သည့် စုစုပေါင်းသကြားပမာဏကို ပြသမည်ဖြစ်သည်။ ဥပမာအားဖြင့် အစားအစာတစ်ခုတွင် သကြားစုစုပေါင်း ၂၀ ဂရမ်ပါလျှင် ပေါင်းထည့်သကြား ၁၅ ဂရမ်နှင့် သဘာဝသကြား ၅ ဂရမ်ဖြစ်ကြောင်း သိရှိနိုင်သည်။ အညွှန်းများကိုစစ်ဆေးသောအခါ လက်ဖက်ရည်ဇွန်းတစ်ဇွန်းတွင် သကြား ၄ ဂရမ်ခန့်ပါရှိသည်ကိုသိထားရန်လိုပါသည်။ သတိထားကြည့်ရန်လိုသော သကြားအမျိုးအစားတချို့နှင့် အသုံးများသောသကြားဓာတ်ပါဝင်သည့်ပစ္စည်းများမှာ ကြံသကြား၊ မုန့်ဖုတ်သကြား၊ တာဘိုင်ဒိုသကြား၊ သကြားရည်အပျစ်၊ ပြောင်းဖူးရည်၊ ဆန်အရက်၊ သကာရည်၊ တင်လဲရည်၊ သစ်သီးဖျော်ရည်၊ ပျားရည်နှင့် ဝတ်ရည်တို့ဖြစ်သည်။ ထို့ပြင် Glucose၊ Fructose၊ Lactose၊Maltose၊ Dextrose နှင့် Sucrose အများစုတွင် သကြားပါဝင်သည်။

တချို့သောအစားအစာများသည် Sucralose၊ Aspartame၊ Saccharin နှင့် Stevia ကဲ့သို့သော သုညကယ်လိုရီအချိုဓာတ် (Zero-calorie sweeteners) ကိုအသုံးပြုပါသည်။ Zero-calorie sweeteners များသည် သွေးတွင်းသကြားဓာတ်ပမာဏကို အကျိုးသက်ရောက်မှုမရှိသည့်အပြင် ကယ်လိုရီစားသုံးမှုကိုလျှော့ချရန် ကူညီပေးနိုင်သည်။ ယင်းတို့သည် ယေဘုယျအားဖြင့် အန္တရာယ်ကင်းပြီး ပုံမှန်သကြားစားသုံးမှုကို လျှော့ချရန် ရေတိုနည်းလမ်းအဖြစ် အသုံးပြုနိုင်သည်။ ပုံမှန်သကြားကဲ့သို့ပင် သကြားအစားထိုးစားသုံးမှုကို တတ်နိုင်သမျှ ကန့်သတ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ သကြားအစားထိုးပစ္စည်းများ၏ ရေရှည်အကျိုးသက်ရောက်မှုကို လေ့လာနေဆဲဖြစ်သော်လည်း တချို့သောသုတေသနပြုချက်များအရ ယင်းတို့အသုံးပြုမှုသည် လေပွခြင်းနှင့် ဝမ်းလျှောခြင်းကဲ့သို့သော ကျန်းမာရေးပြဿနာများနှင့်ဆက်စပ်မှုရှိနိုင်ကြောင်း အကြံပြုထားသည်။ ထို့ပြင် သကြားလုံးဝမပါသောသရေစာများသည် အာဟာရပြည့်ဝသောသစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကဲ့သို့ အာဟာရမပြည့်နိုင်ကြောင်း သတိပြုရန် အရေးကြီးပါသည်။

"သကြားပါဝင်မှုလျှော့ချရန် လွယ်ကူသောနည်းလမ်းတစ်ခုမှာ သကြားပါသောအချိုရည်များကို ရှောင်ကြဉ်ရန်ဖြစ်သည်။ ဆော်ဒါ၊ အချိုပါသောကော်ဖီ၊ ဖျော်ရည်များနှင့် သစ်သီးဖျော်ရည်များကို ရှောင်ပါ။ ဒိန်ချဉ်နှင့် ဟင်းသီးဟင်းရွက်အသုပ်များကဲ့သို့ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများတွင်ပင် လျှို့ဝှက်သကြားများပါဝင်နိုင်သည်။ အရသာရှိသောဒိန်ချဉ်အစား ရိုးရိုးဒိန်ချဉ်ကို ရွေးချယ်ပြီး သဘာဝအသီးအနှံများကိုထည့်ပါ။ သဘာဝအချိုဓာတ်ကို လျှော့ပေါ့ရွေးချယ်ပါ. . ."

### လျှို့ဝှက်သကြားများပါဝင်လေ့ရှိသောအစားအစာများ

အောက်ဖော်ပြပါအစားအစာများသည် လျှို့ဝှက်သကြားပါဝင်လေ့ရှိသောအစားအစာများဖြစ်သည်။

### ဟင်းခတ်အမွှေးအကြိုင်များနှင့် ဆော့စ်များ

ခရမ်းချဉ်သီးဆော့စ်၊ ခေါက်ဆွဲဆော့စ်၊ ဘာဘီကျူးဆော့စ်နှင့် အသုပ်အတွက်ဆော့စ်များတွင် လျှို့ဝှက်သကြားများ ပါဝင်လေ့ရှိသည်။

### ပရိုတင်းဘားများ သို့မဟုတ် ဒိန်ချဉ်

ဤအစားအစာများသည် ပရိုတင်းဓာတ်အချိုးအစား မြင့်မားစွာပါဝင်သောကြောင့် အဆင်ပြေသောအစားအစာတစ်ခုဖြစ်နိုင်သော်လည်း တချို့တွင် ပေါင်းထည့်သကြားပမာဏများစွာပါဝင်နိုင်သည်။ ဈေးကွက်အတွင်းရောင်းချသည့် ပရိုတင်းဘားများတွင် ပရိုတင်းကိုအဓိကထား၍ တံဆိပ်ကပ်ထားသော်လည်း အများအပြားသည် ကွတ်ကီး သို့မဟုတ် ဒိုးနပ်ကဲ့သို့သော အချိုပွဲများထက် ပေါင်းထည့်သကြားများပါရှိတတ်သည်။ ထို့ကြောင့် သကြားထက် ပရိုတင်းဓာတ်ဂရမ်ပိုများသော ရွေးချယ်စရာများကို ရှာဖွေရန်လိုအပ်သည်။

### နို့နှင့်နို့ထွက်မဟုတ်သောပစ္စည်းများ

နို့ထွက်ပစ္စည်းများတွင် သဘာဝသကြားဓာတ်များပါဝင်သော်လည်း တချို့သောနို့ထွက်မဟုတ်သောပစ္စည်းများတွင် ပေါင်းထည့်သကြားများဖြင့် ပိုချိုနိုင်သည်။ ချောကလက်၊ ဗင်နီလာ၊ စတော်ဘယ်ရီအရသာပါသည့်အစားအစာများကို သတိပြုဝယ်ယူသင့်ပါသည်။

### နံနက်စာစီရီရယ်များနှင့်အစေ့အဆန်များ

ကျန်းမာရေးနှင့်ညီညွတ်သောနံနက်စာသီးနှံအဖြစ် သတ်မှတ်ထားသော အစေ့အဆန်များ၊ မုယောစပါး၊ အုတ်ဂျုံနှင့် သစ်သီးခြောက်များ၊ အခွံမာသီးများသည် ဟင်းခတ်အမွှေးအကြိုင်များနှင့် သကြား၊ ပျားရည် သို့မဟုတ် တခြားထည့်ထားသောသကြားများဖြင့်ရောစပ်ထားသောကြောင့် ပို၍ချိုသည်။ ပြုပြင်ပြီးသောနံနက်စာစီရီရယ်များ၊ ကွတ်ကီးများ၊ ဘီစကွတ်မုန့်၊ Crackers နှင့် ထုပ်ပိုးထားသောသရေစာများတွင် ပေါင်းထည့်သကြားများပါဝင်သည်။

### စည်သွတ်ဘူးများ၊ သစ်သီးဖျော်ရည်များ၊ ယိုများ

စည်သွတ်ထားသောသစ်သီးများ၊ ဖျော်ရည်များနှင့် ယိုများတွင် ပေါင်းထည့်သကြားများ ပါဝင်နိုင်သည်။

### ထောပတ်များ

မြေပဲ၊ ဗာဒံစေ့၊ သီဟိုဠ်စေ့၊ ထောပတ်များတွင် အရသာနှင့်အသွင်အပြင်အတွက် သကြားများထည့်နိုင်သည်။

### အချိုရည်များ

အားဖြည့်အချိုရည်ပုလင်းများ၊ ကော်ဖီနှင့်ကော်ဖီအေးများတွင် ထည့်ထားသောသကြားပမာဏမှာ အံ့သြဖွယ်ကောင်းလောက်အောင်များသည်။ ရေနှင့်အချိုမပါသောကော်ဖီ သို့မဟုတ် လက်ဖက်ရည်များကို သောက်သုံးသင့်ပါသည်။

### ထိန်းညှိစားသုံးခြင်း

အကြိုက်ဆုံးအစားအစာတချို့တွင် သကြားဓာတ်များနေပါက ယင်းတို့ကို လုံးဝဖြတ်ပစ်ရန်မဆိုလိုပါ။ အရေးကြီးသောအချက်မှာ အစားအစာများကိုသတိထား၍ သင့်တင့်မျှတစွာစားသုံးနိုင်ပါသည်။ အာဟာရတံဆိပ်ပေါ်ရှိ အကြံပြုထားသောအရွယ်အစားများကို သေချာလိုက်နာပါ။ အစားအစာတွင်ထည့်ထားသောသကြားများကို စားသုံးရန်စိုးရိမ်ပါက အရွယ်အစားနှင့်ပမာဏကို လျှော့ချစားသုံးပါ။ သကြားနည်းသော သို့မဟုတ် သကြားမပါသော (No sugar) တခြားရွေးချယ်စရာများကို ရှာဖွေပါ။ သွေးချိုဆီးချိုရောဂါအတွက် တချို့သောအစားအစာများကိုလည်း အိမ်တွင် ကိုယ်ပိုင်တီထွင်ဖန်တီးပြုလုပ်နိုင်သည်။

### လျှို့ဝှက်သကြားများကိုရှောင်ရှားရန်နည်းလမ်းများ

လျှို့ဝှက်သကြားများကိုရှောင်ရှားရန် ကုန်အမှတ်တံဆိပ်အညွှန်းများကိုသေချာဂရုတစိုက်ဖတ်ပါ။ တံဆိပ်ပေါ်ရှိ ပါဝင်ပစ္စည်းများစာရင်းနှင့် ထည့်ထားသောသကြားများပမာဏကို အမြဲရှာဖွေပြီး သကြားပါဝင်မှုအနည်းဆုံးကိုရွေးချယ်ပါ။ အစားအစာနှင့်အချိုရည်များတွင်ပါဝင်သော စုစုပေါင်းသကြားပမာဏအတွက် အာဟာရအညွှန်းများကို စစ်ဆေးပါ။ နို့ထွက်ပစ္စည်းများမဟုတ်သော ဗာဒံစေ့နို့၊ အုန်းနို့၊ ဆန်နို့၊ ပဲနို့စသည့်အပင်အခြေခံနို့ရည်များအတွက် အာဟာရတံဆိပ်ကိုဖတ်ပါ။ ၁၀၀ ဂရမ်တွင် သကြား ၁၅ ဂရမ်ထက်ပိုသောအစားအစာများသည် ပေါင်းထည့်သကြားဓာတ်မြင့်မားနိုင်သည်။ ၁၀၀ ဂရမ်တွင် သကြား ၅ ဂရမ်ထက်နည်းသောအစားအစာများကို ရွေးချယ်သင့်ပါသည်။

သစ်သီးဖျော်ရည်များ သို့မဟုတ် ပြုပြင်ထားသောသရေစာများအစား လတ်ဆတ်သောသစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကို ရွေးချယ်ပါ။ သကြားပါဝင်မှုလျှော့ချရန် လွယ်ကူသောနည်းလမ်းတစ်ခုမှာ သကြားပါသောအချိုရည်များကိုရှောင်ကြဉ်ရန်ဖြစ်သည်။ ဆော်ဒါ၊ အချိုပါသောကော်ဖီ၊ ဖျော်ရည်များနှင့် သစ်သီးဖျော်ရည်များကိုရှောင်ပါ။ ဒိန်ချဉ်နှင့် ဟင်းသီးဟင်းရွက်အသုပ်များကဲ့သို့ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများတွင်ပင် လျှို့ဝှက်သကြားများပါဝင်နိုင်သည်။ အရသာရှိသောဒိန်ချဉ်အစား ရိုးရိုးဒိန်ချဉ်ကိုရွေးချယ်ပြီး သဘာဝအသီးအနှံများကိုထည့်ပါ။သဘာဝအချိုဓာတ်ကိုလျှော့ပေါ့ရွေးချယ်ပါ။ အချိုဓာတ်ကိုအသုံးပြုပါက Zero-calorie sweeteners သို့မဟုတ် ပျားရည်ကဲ့သို့ သဘာဝရွေးချယ်စရာများကို ရွေးချယ်ပါ။ အစားအစာအရွယ်အစားများနှင့် ပမာဏကို သတိထားရန်လိုအပ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

---

# မြောင်းမြခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧက ၉၁၁၀ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

မြောင်းမြ မေ ၁၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧက ၉၁၁၀ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောဆိုချက်အရ သိရသည်။

မြောင်းမြခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာဧက ၉၁၁၀ အထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထိုသို့စိုက်ပျိုးခဲ့သောနေကြာများကို မတ်လဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယခုအခါ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းခဲ့သည့် နေကြာတစ်ဧကလျှင် ၁၇ ဒသမ ၁၉ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"မြောင်းမြခရိုင်အတွင်းမှာ ပြီးခဲ့တဲ့ဆောင်းသီးနှံ စိုက်ပျိုးရာသီက နေကြာဧက ၉၀၀၀ ကျော် စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆောင်းသီးနှံနေကြာအထွက်နှုန်းကောင်းမွန်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ခရိုင်အတွင်းဒေသတွေက မြေအမျိုးအစားပေါ်မူတည်ပြီး နေကြာအထွက်နှုန်းမတူညီပါဘူး။ ဒါကြောင့် အထွက်နှုန်းနည်းတဲ့မြေယာတွေကို အထွက်နှုန်းပိုကောင်းအောင်လုပ်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်"ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

မြောင်းမြခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာဧက ၉၁၁၀ ကို မြောင်းမြမြို့နယ်တွင် ၇၁၈ ဧက၊ အိမ်မဲမြို့နယ်တွင် ဧက ၂၃၁၀ နှင့် ဝါးခယ်မမြို့နယ်တွင် ၆၀၈၂ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သုတကျော်

# ရပ်စောက်မြို့နယ်၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ



**ရပ်စောက် မေ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ မေလ ၁၇ ရက်တွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်၊ ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ညိုမီစော၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရှမ်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ညိုမီစောက မူလတန်းကြိုကျောင်းဆောင်သစ်မှာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏ မတည်ငွေကျပ်သိန်း ၂၀၀၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပံ့ပိုးငွေကျပ် ၁၅၈ ဒသမ ၈၈ သိန်း၊ ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ လှူဒါန်းငွေကျပ် ၂၅ သိန်း၊ ရွှေပုဇွန်ကုမ္ပဏီလီမိတက်မှ လှူဒါန်းငွေကျပ်သိန်း ၁၅၀ နှင့် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၁၅၄ သိန်းကျော် စုစုပေါင်းကုန်ကျစရိတ်တန်ဖိုးငွေကျပ် ၆၉၈ သိန်းကျော်ဖြင့် ဆောက်လုပ်သည့် ကျောင်းဆောင်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်နှင့် တာဝန်ရှိသူများက မူလတန်းကြိုကလေးငယ်များအတွက် ကျောင်းဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများပေးအပ်ပြီး မူလတန်းကြိုကျောင်းအတွင်း လှည့်လည်ကြည့်ရှုကာ မူလတန်းကြိုကလေးငယ်များအား အာဟာရများကျွေးမွေးကြောင်း သိရသည်။ (၄၀၅)

# ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

**ပြည် မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ကုန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့်ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက မေလ ၁၈ ရက်တွင် ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဇော်၊ ဝန်ထမ်းများနှင့် ကျေးရွာကော်မတီဝင်များက ကုန်းကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ကျေးရွာတွင်းလမ်းအား အကျိုးရှိစွာအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် မှာကြားသည်။

ပြည်မြို့နယ် ကုန်းကြီးကျေးရွာ၌ လမ်းအရှည် ပေ ၂၃၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိသော ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသော ငွေကျပ် ၉ ဒသမ ၈၀ သန်းဖြင့် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာကူညီမှု၊ အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုနိုင်(ကျေးလက်)

# မိုးကာဖြင့် ရော်ဘာအစေးခြစ်နည်းပညာပေးသင်တန်းဖွင့်



**မြိတ် မေ ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ရွှေဒူးကျေးရွာရှိ နှစ်ရှည်ပင်များသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ(ရွှေဒူး)၌ မြိတ်မြို့နယ်အတွင်းရှိ ဒေသခံရော်ဘာစိုက်ခြံရှင်များအား မိုးဦးကျကာလတွင် မိုးရေမဝင်အောင် ပလတ်စတစ်အိတ်များအသုံးပြုပြီး ရော်ဘာအစေးလှီးခြင်းဖြင့် အပိုဝင်ငွေရရှိစေရန် ရည်ရွယ်ပြီး မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးကြီးမှူး၍ မိုးကာဖြင့်ရော်ဘာအစေးခြစ်နည်းပညာပေးသင်တန်းဖွင့်ပွဲကို မေလ ၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်အင်ကြင်းခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းမြတ်စိုးက မိုးကာဖြင့် ရော်ဘာအစေးခြစ်သင်တန်းပို့ချရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ရွှေဒူး)မှ ခြံတာဝန်ခံ ဦးနေမျိုးထွန်းက မိုးကာဖြင့်ရော်ဘာအစေးခြစ်ခြင်း၏ အားနည်းချက်၊ အားသာချက်များအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရော်ဘာခြံရှင်များ၊ လုပ်သားများကို နှစ်ရှည်ပင်များသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ(ရွှေဒူး)မှ လက်ထောက်ဦးစီးမှူး ဦးသီဟမွန်က မိုးကာဖြင့်ရော်ဘာအစေးခြစ်ခြင်းကို လက်တွေ့ကွင်းသရုပ်ပြသည်။

အဆိုပါသင်တန်းသို့ အင်္ဂမော်၊ သာရမဲ၊ ရွှေဒူး၊ ကျောက်ဖြူတောင်၊ ဒလရှောင်၊ ကလင်ဘာန်း၊ မဇော၊ ကင်ဆိုးစသည့်ကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ကြောင်းသိရသည်။ (၄၁၂)

## ငြိမ်းချမ်းရေးရေစင်

❖ လူသားမှန်လျှင်၊ ငြိမ်းချမ်းချင်၏
ခင်မင်တွယ်တာ၊ မိတ်သဟာနှင့်
ဥစ္စာစည်းစိမ်၊ တိုက်တာအိမ်ပြင်
ဂုဏ်သိန်သိက္ခာ၊ အရာရာတို့
ဘယာမငြိ၊ ဘေးမထိမှ
အရိုတန်ဖိုး၊ တည်ကြရိုးတည့်။

❖ ချစ်သူမုန်းသူ၊ လေးစားသူနှင့်
သိသူမသိသူ၊ အားလုံးတူပင်
မဆူစစ်ဘေး၊ ငြိမ်းချမ်းအေးမှ
ဖေးမပြန်လှန်၊ မေတ္တာဖန်၍
ရှင်သန်လူ့ဘောင်၊ ချမ်းသာဆောင်မြဲ။

❖ စစ်ပွဲထပ်ထူ၊ စစ်မီးပူသော်
ချစ်သူမုန်းသူ၊ လေးစားသူနှင့်
သိသူမသိသူ၊ အားလုံးတူပင်
ပူသည့်စစ်မီး၊ မြိုက်လောင်ညီးလျက်
သီးသီးငိုရှိုက်၊ မီးလောင်တိုက်တည့်
ထိခိုက်ဖြစ်မြဲ၊ လူ့ငရဲပင်။

❖ လူ့ငရဲကို၊ မတွေ့လိုသော်
ထိုထိုစစ်မီး၊ မလောင်ညီးဖို့
ချုပ်တည်းအတ္တ၊ လွန်ဒေါသနှင့်
လောဘနှင်ဖယ်၊ မောဟကွယ်ကြောင်း
တို့လှယ်မေတ္တာ၊ ကရုဏာနှင့်
မုဒိတာပွား ဥပေက္ခာတရားတို့
ထွန်းကားစေရည်၊ တို့ကိုယ်စီတည့်။

❖ ဩော်...
သာယာရွှင်လန်း၊ ပြည်တစ်ဝန်းမှာ
ငြိမ်းချမ်းရေစင်၊ သို့အသွင်သော
ဆင်ယင်မေတ္တာ၊ ကရုဏာနှင့်
မုဒိတာပွားများ၊ ဥပေက္ခာတရားတို့
ထွန်းကားဖြစ်တည်၊ လူတိုင်းညီသော်
ဘယ်ဆီစစ်မီး၊ တောက်မည်နည်း။ ။

ဟန်ညွန့်(ယဉ်ကျေးမှု)

# တစ်ပတ်တာကာလအတွင်း ငွေကျပ် ၁၀၈ သန်းကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်သုံးသောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် မေ ၁၈

ရန်ကုန်စတော့အိတ်ချိန်း၌ မေလဒုတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ် ၁၀၈ သန်းကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် သုံးသောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် မေလ ၁၂ ရက်မှ ၁၆ ရက်အထိ တစ်ပတ်တာကာလ အတွင်း ငွေကျပ် ၁၀၈၁၉၈၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၁၅၇၇ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

တစ်ပတ်တာကာလအတွင်း FMI ကုမ္ပဏီမှ ငွေကျပ် ၂၉၀၄၇၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၂၇၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၅၂၇၉၉၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၇၄၅၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၆၄၂၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၈၂ စောင်အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၃၁၈၉၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၇၇၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၁၁၁၉၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၈၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်ကျဆင်းခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၃၄၈၂၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၃၄၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၉၅၀၉၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၅၁၀ အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၈၄၀၈၉၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၇၅၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်ကျဆင်းခဲ့သည်။




ယခုတစ်ပတ်အတွင်း ကုမ္ပဏီနှစ်ခုမှအပ ကျန်ကုမ္ပဏီခြောက်ခုမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သဖြင့် စုစုပေါင်းစတော့ရှယ်ယာရောင်းချနိုင်မှုမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

# သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်) ၌ (၁၂) ကြိမ်မြောက် အခမဲ့မျက်စိခွဲစိတ်ကုသပေးမည်

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်ပိုင်း) မြို့နယ်ရှိ သီတဂူဗုဒ္ဓတက္ကသိုလ် (ရန်ကုန်) ၏ သီတဂူစက္ခုဒါနဆေးရုံ၌ အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးလျက်ရှိရာ (၁၂) ကြိမ်မြောက်ကုသမှုကို မေလ ၂၃ ရက်တွင် စတင်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ(၁၂)ကြိမ်မြောက် မျက်စိခွဲစိတ်ကုသမှုတွင် လူနာသစ်များကို လတ်တလောလက်ခံဆောင်ရွက်ပေးနိုင်မည်မဟုတ်ကြောင်း၊ (၁၁)ကြိမ် မြောက်ခွဲစိတ်ကုသမှုဆောင်ရွက်ချိန်တွင် မန္တလေးမြေငလျင်ကြီးကြောင့် ခေတ္တရပ်နားခဲ့ရပြီး ယင်းအချိန်တွင် မျက်စိစမ်းသပ်စစ်ဆေးပြီး လူနာ ၂၀၀ ကျော်ရှိရာ ၎င်းတို့အား (၁၂) ကြိမ်မြောက်တွင် ပြန်လည်စစ်ဆေး ခွဲစိတ်ကုသပေးမည်ဖြစ်သည်။

"သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)က အခမဲ့မျက်စိကုသပေးမှာဖြစ် ပါတယ်။ အခုက လူနာအသစ်တွေ မပါသေးဘူး။ မတ်လ ၂၈ ရက် မြေငလျင်လှုပ်တုန်းက (၁၁) ကြိမ်မြောက် မျက်စိခွဲစိတ်ကုသပေးနေတဲ့အချိန် ဖြစ်ပါတယ်။ အဲဒီအချိန်က ခွဲစိတ်ဖို့ကျန်နေခဲ့တဲ့ မျက်စိစမ်းသပ် စစ်ဆေးပြီးလူနာက ၂၀၀ ကျော်ရှိပါတယ်။ သူတို့ကို မေလ ၂၃ ရက်မှာ ပြန်လည်စစ်ဆေးပြီး ခွဲစိတ်ကုသမှုကို စတင်မှာဖြစ်ပါတယ်" ဟု သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)၌ ပထမအကြိမ်အခမဲ့မျက်စိခွဲစိတ်ကုသမှုကို ၂၀၂၃ ခုနှစ် ဧပြီလ ၅ ရက်မှ ၁၀ ရက်အထိလည်းကောင်း၊ (၁၀) ကြိမ်မြောက် အခမဲ့မျက်စိခွဲစိတ်ကုသမှုကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၇ ရက်အထိလည်းကောင်း ဆောင်ရွက်ခဲ့ရာ ပထမအကြိမ်မှ (၁၀) ကြိမ်မြောက်အထိ မျက်စိစမ်းသပ်လူနာစုစုပေါင်း ၁၃၂၄၅ ဦး ရှိခဲ့ပြီး ယင်းတို့အနက် ခွဲစိတ်ကုသလူနာ ၄၀၃၁ ဦး၊ လေဆာဖြင့်ကုသ လူနာ ၂၃၆ ဦးရှိသည်။

ထို့အတူ (၁၁) ကြိမ်မြောက် အခမဲ့မျက်စိခွဲစိတ်ကုသမှုကို ၂၀၂၅ ခုနှစ် မတ်လ ၂၅ ရက်မှ ၃၁ ရက်အထိဆောင်ရွက်ပေးရန်စီစဉ်ထားပြီး လူနာ ၁၂၀၀ ကျော် စာရင်းပေးသွင်းထားရာ ယင်းကာလအတွင်း မန္တလေး မြေငလျင်ကြီးကြောင့် ဆရာဝန်၊ သူနာပြုများ အရေးပေါ်ကယ်ဆယ်ရေးသွားရောက်ခဲ့ရသဖြင့် (၁၁) ကြိမ်မြောက်ခွဲစိတ်ကုသမှုတွင် မျက်စိ ခွဲစိတ်ကုသရမည့်လူနာ ၂၀၀ ကျော်ကျန်ရှိခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

# မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု လျော့နည်းစေရေး အသိပညာပေးဟောပြော

ဘုတ်ပြင်း မေ ၁၈

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင်ဖန်တီးပေးနိုင်စေရန် မီးခိုးမြူငွေ့နှင့်လေထုညစ်ညမ်းမှုလျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို မေလ ၁၇ ရက်က ကလန်းချောင်းကျေးရွာ ဘက်စုံသုံးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းရေးနှင့်စပ်လျဉ်း၍ မျက်စိဖြင့်မမြင်နိုင်သော လေထုညစ်ညမ်းမှု အန္တရာယ်ကင်းဝေးစေရေး၊ ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင်ဖန်တီးပေးနိုင်စေရေး၊ လုပ်ဆောင်ချက်များအလိုက် ကောင်းကျိုး၊ ဆိုးကျိုးများကိုသိရှိပြီး ရှောင်ရန်၊ ဆောင်ရန်အချက်များကို နားလည်သဘောပေါက်စေရေးနှင့် လိုက်နာကျင့်သုံးနိုင်စေရေး အသိပညာပေးခြင်း စသည်တို့ကို Short Video များဖြင့် ပြသရှင်းလင်း၍ အသိပညာပေးခြင်းများဆောင်ရွက်သည်။

ထို့နောက် တက်ရောက်လာသော ကျေးရွာသူ၊ ကျေးရွာသားများက သိရှိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြကြောင်း သိရသည်။


**အထွေး**

# သာစည်မြို့နယ် ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

သာစည် မေ ၁၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မန်ကျည်းခွကျေးရွာအုပ်စု ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို မေလ ၁၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၄၉ ဒသမ ၉ သန်းဖြင့်ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဘုန်းတလုတ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးအတွက် ငွေကျပ် ၂၁ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးအတွက် ငွေကျပ် ၆ ဒသမ ၇၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးအတွက် ငွေကျပ် ၂၂ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား ၁၆၅ ဦးအတွက် ချေးငွေ ငွေကျပ် ၄၉ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# သီရိလင်္ကာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှလှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများကို ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့ပေးလျက်ရှိ

နေပြည်တော် မေ ၁၈

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေလ ၁၈ ရက်အထိ သေဆုံးသူ ၃၇၂၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၀ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၄ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

အလားတူ မေလ ၁၅ ရက်တွင်လည်း သီရိလင်္ကာနိုင်ငံမှ လှူဒါန်းသည့် ရွက်ဖျင်တဲ၊ ဆေးဝါးနှင့် စားသောက်ကုန်အမျိုးမျိုးပါ ပေ ၂၀ ကုန်သေတ္တာ ၁၀ လုံး(အလေးချိန် ၄၇ ဒသမ ၉ တန်) နှင့် တရုတ်နိုင်ငံ ချုံချင့်မြူနီစပယ်အစိုးရနှင့်ပြည်သူများက လှူဒါန်းသည့်ပစ္စည်းအမျိုးမျိုးပါ ပေ ၄၀ ကုန်သေတ္တာ ၅ လုံး (အလေးချိန် ၂၈ ဒသမ ၈၄၁ တန်)သည် ရန်ကုန်မြို့ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး အဆိုပါနိုင်ငံတကာမှ ပေးပို့လာသည့် ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**မြဝတီ**

➢ **ရှေ့ဖုံးမှအဆက်**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးမည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့်ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

● **ကျောဖုံးမှအဆက်**

မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားကာယဗလ ၅၅၊ ၆၀၊ ၆၅၊ ၇၀၊ ၇၅၊ ၈၀ ကီလိုတန်းနှင့် ၈၀ ကီလိုတန်းအထက်ပြိုင်ပွဲ၊ Men's Athletic up to 160 cm နှင့် up to 157၊ Men's Athletic over 167 cm၊ Men's Sport Physique up to 170 cm၊ up to 175 cm၊ Men's Sport Physique Over 175 cm၊ Men's Athletic up to 182 cm ပြိုင်ပွဲများကျင်းပသည်။

ထို့နောက် အမျိုးသမီး Athletic up to 165 cm၊ အမျိုးသမီး Model Physique up to 160 cm၊ အမျိုးသမီး Model Physique up to 155 cm၊ အမျိုးသမီး Model Physique over 165 cm၊ အမျိုးသမီး Model Physique up to 170 cm ပြိုင်ပွဲများကျင်းပရာ အားကစားသမားများက ကိုယ်ခန္ဓာအချိုးအစားကျစ်လျစ်ခိုင်မာမှုကို သတ်မှတ်ကိုယ်ဟန်ခုနစ်မျိုးဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲအတွက်အားကစားသမား ၁၂ ဦး၊ (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲအတွက်အားကစားသမား ၁၀ ဦး စုစုပေါင်း ၂၂ ဦးတို့အား မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီနှင့်တာဝန်ရှိသူတို့က အကဲဖြတ်စိစစ်ကာ ပဏာမရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**

◆ **Myanmar Fight မှ**

တတိယအချီဆက်လက်ယှဉ်ပြိုင်သော်လည်း ရာဇာထွန်းက ခြေကန်ချက်ပြင်းပြင်းဖြင့် သီဟကို အလဲထိုးအနိုင်ယူသွားသည်။ ထို့အတူ ပြည့်ဖြိုးမောင်(ကျားဘုရင်)နှင့် အောင်ကိုဦး(MFC)တို့ပွဲတွင် ပြည့်ဖြိုးမောင်၏ခြေကန်ချက် လက်သီးထိုးချက်များကြောင့် အောင်ကိုဦး ဆက်မထိန်းနိုင်ဘဲ တတိယအချီတွင် အမှတ်စဉ်သုံးကြိမ်ရေတွက်ခံရကာ ပြည့်ဖြိုးမောင်ကိုအရှုံးပေးလိုက်ရသည်။

ဝေယံမင်းသူ(ပဲခူးကလပ်)နှင့် ပိုင်ကြီး(ရိုးရာသွေး)တို့ပွဲတွင် ဝေယံမင်းသူက ပိုင်ကြီးကို ပထမအချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ မင်းထက်မိုက်(MK 1)နှင့် ရန်နိုင်ထွန်း(ရိုးရာသွေး)တို့ပွဲတွင် မင်းထက်မိုက်က ရန်နိုင်ထွန်းကို ဒုတိယအချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ အောင်ကောင်းခန့်(STL)နှင့် ဖိုးခွား(ရိုးရာသွေး)တို့ပွဲတွင် အောင်ကောင်းခန့်က ဖိုးခွားကို ပထမအချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ မင်းခန့် (ရိုးရာသွေး)နှင့် ကောင်းထက်ဇော်(STL)တို့ပွဲတွင် ကောင်းထက်ဇော်က မင်းခန့်ကို ဒုတိယအချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ လျှမ်းထက်အောင်(9-ကလပ်)နှင့်သူရအောင်(Holy Power)တို့ပွဲတွင် သူရအောင်က အစီးထိုးဖြင့် တတိယအချီတွင်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အခြားပွဲစဉ်များဖြစ်သည့် မြင့်မြတ်မောင်(ပဲခူးကလပ်)နှင့် ရှိုင်းထက်အောင်(ကျားဘုရင်)၊ နိဗ္ဗန်ဇော့(Dojo 9)နှင့် ကျုံးဝါး(ကျားမနိုင်)၊ ရှိန်းထက်အောင်(ရန်ကြီးအောင်)နှင့် သန့်သူရစိုး(YMA)၊ ဓနု (PLP)နှင့် ညီဝဏ္ဏ(ကျားဘုရင်)၊ ကောင်းထက်(ကျားဘုရင်)နှင့်လင်းဘုန်းဦး(Dojo 9)တို့ပွဲစဉ်များတွင် အနိုင်အရှုံးမပေါ်ဘဲ ပူးတွဲသရေဖြင့်သာ အဆုံးသတ်ခဲ့ကြသည်။

အဆိုပါမျိုးဆက်သစ်ပြိုင်ပွဲများကျင်းပခဲ့ရာ ၂၂ ကြိမ်တိုင်ရှိခဲ့ပြီး ယနေ့ပွဲသည် ယခုနှစ် ၂၀၂၅ ခုနှစ်အတွင်း၌ သုံးကြိမ်မြောက်ကျင်းပသည့်ပြိုင်ပွဲဖြစ်ပြီး ကလပ်ပေါင်း ၁၄ ခုမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းပြိုင်ပွဲများကိုလစဉ်ကျင်းပလျက်ရှိပြီး မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီပေးထားကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပံ့ပိုးကူညီပေးထားကြောင်း သိရသည်။

**ဝန်းရံခ**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**“အစာအဆိပ်သင့်ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန်အချက်များ”**

အစာအဆိပ်သင့်မှုသည် နေရာဒေသမရွေး မကြာခဏဖြစ်ပွားတတ်ပြီး ရောဂါပိုးများပါဝင်သော မသန့်ရှင်းသည့် အစားအသောက်များကို စားသုံးမိခြင်းကြောင့် အများဆုံးဖြစ်နိုင်ပါသည်။ အစာအဆိပ်သင့်မှု မဖြစ်စေရန်အတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရပါမည်။

**အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများလိုက်နာရန်**




၁။ အစာမစားမီ၊ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်းမပြုမီနှင့် အိမ်သာအသုံးပြုပြီးချိန်များတွင် လက်ကိုရေနှင့်ဆပ်ပြာအသုံးပြု၍ သေချာစွာဆေးကြောပါ၊ အိုးခွက်၊ ပန်းကန်များ၊ စဉ်းတီတုံးများအပါအဝင် မီးဖိုချောင်သုံး ပစ္စည်းများ၏ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ၊

၂။ မချက်ရသေးသည့်သားစိမ်း၊ ငါးစိမ်းများနှင့် ချက်ပြုတ်ပြီးဟင်းများကို အတူရောမထားပါနှင့်၊ စဉ်းတီတုံး၊ ပန်းကန် သီးသန့်သုံးပါ၊ ချက်ပြုတ်ပြီးအစားအစာနှင့် မချက်ပြုတ်ရသေးသော အစားအစာများအား သီးခြားစီထားရှိပါ၊

၃။ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပါ၊ ချက်ပြုတ်ထားသည့် အစားအစာများကို မစားမီပြန်နွေးပါ၊

၄။ အစားအစာများကို သင့်တော်သည့် အပူချိန်တွင်ထားရန်လိုသည်၊ ချက်ပြုတ်ထားသည့် အစားအစာများကို အခန်းအပူချိန်တွင် နှစ်နာရီထက်ပို၍ မထားပါနှင့်၊

၅။ အစားအစာများချက်ပြုတ်ရာနှင့် ပန်းကန်များဆေးကြောရာတွင် သန့်ရှင်းသောရေကိုသာ သုံးစွဲပါ၊ လတ်ဆတ်သော အစားအစာများကိုသာသုံးစွဲပါ။

**အစားအသောက်ရောင်းချသူများအနေဖြင့် အထူးလိုက်နာရန်**

၁။ ဝမ်းပျက်ဝမ်းလျှောနှင့်ဝမ်းကိုက်ရောဂါလက္ခဏာခံစားနေရသူများ

၂။ အရေပြားတွင်အနာရှိသူများနှင့်ဖျားနာနေသူများအနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်ခြင်းနှင့်ကိုင်တွယ်ရောင်းချခြင်းတို့ကို လုံးဝရှောင်ကြဉ်ပါ။

၂၀၂၅ ခုနှစ်၊ မေလ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**“မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ပါ”**

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကာလဝမ်းရောဂါပိုး (*Vibrio cholerae*) ပါဝင်နေသော မသန့်ရှင်းသောအစားအစာနှင့်သောက်သုံးရေတို့အား စားသောက်မိရာမှတစ်ဆင့် ကူးစက်တတ်သောရောဂါ ဖြစ်ပါသည်။ ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များလေ့ရှိပါသည်။

ကာလဝမ်းရောဂါပိုးပါဝင်သည့် ဝမ်း/အညစ်အကြေးများသည် ယင်နားခြင်း/ မသန့်ရှင်းသောလက် စသည်တို့မှတစ်ဆင့် အစားအစာ/သောက်သုံးရေများဆီသို့ရောက်ရှိခြင်း သို့မဟုတ် တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေးမြေသြဇာအသုံးပြုခြင်း) တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။

**ရောဂါလက္ခဏာများမှာ-**

အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံသော ဆန်ဆေးရည် ကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်နှုန်း မြန်ခြင်း၊ အရေပြား၏ကျုံ့နိုင်ဆန့်နိုင်အားလျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများ ခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။

**ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများ-**

အစာမစားမီနှင့်အစားအစာမပြင်ဆင်မီအချိန်တိုင်း၊ အညစ်အကြေးနှင့်အမှိုက်သရိုက်များ ကိုင်တွယ်ပြီးချိန်တိုင်းနှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ လက်ကိုအနည်းဆုံးစက္ကန့်(၂၀)ကြာအောင် စနစ်တကျဆေးကြောပါ၊ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ၊ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ၊ ကျိုချက်ထားသောရေ သို့မဟုတ် ရေသန့်ဆေးပြား ခတ်ထားသောရေ သို့မဟုတ် FDA အသိအမှတ်ပြုထားသော သောက်ရေသန့်ကိုသာသောက်သုံးပါ၊ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပြီးမှစားသုံးပါ၊ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားပါ၊ ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။

**ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ(ကာလဝမ်းရောဂါ)ဖြစ်ပွားပါက အချိန်မီကုသမှုမခံယူလျှင် လျင်မြန်စွာအသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သွားရောက်ပြီး ထိရောက်သောကုသမှုခံယူရမည်ဖြစ်ပါသည်။**

၂၀၂၅ ခုနှစ်၊ မေလ



ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား နှုတ်ဆက်အားပေးစကားပြောကြားစဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၈

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)သို့ တက်ရောက်မည့် ရောဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပုသိမ်တပ်နယ်အားကစားခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတို့က ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် အဝတ်အထည်များပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၁၈

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

ပညာရေးဝန်ကြီးဌာန

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်

**"ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"**

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ ဇွန်လ (၁)ရက်နေ့

ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

**"အသိပေးကြေညာချက်"**

- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်
**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၂၂-၅-၂၀၂၅ ရက်နေ့မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

ပညာရေးဝန်ကြီးဌာန

"၂၀၂၅-၂၀၂၆ ပညာသင်နှစ်"

### ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

ပညာရေးဝန်ကြီးဌာန

"၂၀၂၅-၂၀၂၆ ပညာသင်နှစ်"

### မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေးသို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

# လူမှုဆက်ဆံရေးဉာဏ်ရည် (Social Intelligence)

လောကတွင် လူမှန်သမျှအတတ်ပညာတစ်ခုခု တတ်မြောက်ထားရန်လိုအပ်သည်။ အတတ်ပညာ တတ်မြောက်မှသာ လောကအလယ် တင့်တောင့်တင့်တယ်ရပ်တည်နိုင်မည်။ သက်ဆိုင်ရာ အတတ်ပညာ၌ ကျွမ်းကျင်ပါက ပို၍တင့်တယ်အောင်မြင်နိုင်သည်။ တစ်ချိန်တည်းမှာပင် တစ်နေ့တခြား လူဦးရေတိုးပွားသည်နှင့်အမျှ လူနှင့်လူချင်း ပေါင်းသင်းဆက်ဆံရေးက အရေးပါလာသည်။ ပညာတတ်ရုံမျှနှင့်မပြီးသေး မအောင်မြင်နိုင်သေးပေ။ ယနေ့ခေတ်တွင် လူမှုဆက်ဆံရေးကိုနားလည်ပြီး ကျွမ်းကျင်စွာအသုံးချနိုင်မှုသည် အရေးကြီးသော ပညာရပ်တစ်ခုဖြစ်သည်။ လူမှုဆက်ဆံရေးဉာဏ်ရည်သည် လူအချင်းချင်း ဆက်ဆံကြရာတွင် ထိရောက်စွာခံစားသိရှိအဓိပ္ပာယ်သိသိဖြင့် တုံ့ပြန်နိုင်မှုဖြစ်သည်။ အဓိပ္ပာယ်ရှိသော ဆက်ဆံရေးများတည်ဆောက်ရန်၊ ပဋိပက္ခများကို ဖြေရှင်းရန်နှင့် မတူကွဲပြားသော ပတ်ဝန်းကျင်များတွင်အောင်မြင်ရန် လူမှုဆက်ဆံရေးဉာဏ်ရည်က ကူညီပေးသည်။ ပညာရပ်ဆိုင်ရာဉာဏ်ရည် (IQ) သည် သိမှုဆိုင်ရာပြဿနာဖြေရှင်းမှုကို အာရုံစိုက်ပြီး လူမှုဆက်ဆံရေးဉာဏ်ရည်(Social Intelligence) သည် စိတ်ခံစားမှုနှင့် လူမှုဆက်ဆံရေးတွင် ကျွမ်းကျင်မှုကို အလေးပေးသည်။ အရိုးရှင်းဆုံးဆိုရပါမူ လူမှုဆက်ဆံရေးဉာဏ်ရည်သည် မိမိ၏ အပေါင်းအသင်း၊ မိတ်ဆွေသူငယ်ချင်းများ၊ မိသားစု ဆွေမျိုးသားချင်းများအကြားတွင် တည်ရှိသော ရင်းနှီးဆက်သွယ်မှုကို ပြဿနာတစ်စုံတစ်ရာ မဖြစ်စေဘဲ ထိန်းသိမ်းထားရှိနိုင်ကာ ပေါင်းသင်းဆက်ဆံရေးကွန်ရက်ကို ကျယ်ပြန့်လာစေနိုင်သည့်အရည်အသွေးပင်ဖြစ်သည်။

**လူမှုဆက်ဆံရေးဉာဏ်ရည်ဆိုသည်မှာ**

လူမှုဆက်ဆံရေးဉာဏ်ရည်(Social Intelligence) ဆိုသည့်ဝေါဟာရကို ၁၉၂၀ ပြည့်နှစ်တွင် စိတ်ပညာရှင် Edward Thorndike ကစတင်အသုံးပြုခဲ့သည်။ လူမှုဆက်ဆံရေးဉာဏ်ရည်ဟုဆိုရာတွင် ခန္ဓာကိုယ်အမူအရာ၊ မျက်နှာအမူအရာနှင့်အသံအနိမ့်အမြင့်ကဲ့သို့သော စကားလုံးမဟုတ်သည့်အချက်ပြမှုများကို အကဲခတ်နိုင်မှုနှင့် အခြားသူများ၏ ခံစားချက်နှင့် ရှုထောင့်များကို စာနာနိုင်မှု၊ မတူညီသော လူမှုအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် အပြုအမူပြောင်းလဲနိုင်မှု၊ ရှင်းလင်းစွာဆက်သွယ်နိုင်မှုနှင့် အခြားသူများကို အပြုသဘောဆောင်စွာ လွှမ်းမိုးနိုင်မှု၊ လူမှုဆက်ဆံရေးတွင် သင့်လျော်စွာတုံ့ပြန်နိုင်ရန် စိတ်ခံစားမှုများကို စီမံခန့်ခွဲမှု၊ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ပဋိပက္ခဖြေရှင်းနိုင်မှုမှတစ်ဆင့် ခိုင်မာသောဆက်ဆံရေးများ တည်ဆောက်ထိန်းသိမ်းမှု စသည့်ဝိသေသများကို ရည်ညွှန်းလေ့ရှိကြသည်။

**လူမှုဆက်ဆံရေးဉာဏ်ရည်၏ အစိတ်အပိုင်းများ**

လူမှုဆက်ဆံရေးဉာဏ်ရည်၏ အဓိကအစိတ်အပိုင်းများအနေဖြင့် စာနာမှုရှိကာ အခြားသူများ၏ ခံစားချက်များကိုနားလည်ပြီး မျှဝေနိုင်မှုရှိခြင်း၊ တက်ကြွစွာနားထောင်တတ်ခြင်း၊ အခြားသူများ၏ ပြောဆိုချက်များကို အနှောင့်အယှက်မပေးဘဲ အမှန်တကယ်နားထောင်ခြင်း၊ ကွဲပြားခြားနားသော ပုဂ္ဂိုလ်များ/အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် အပြုအမူနှင့် ဆက်သွယ်ရေးပုံစံကို ပြောင်းလဲခြင်း၊ ခန္ဓာကိုယ်အမူအရာနှင့် မျက်လုံးချင်းဆက်သွယ်မှုများကို ထိရောက်စွာအဓိပ္ပာယ်ဖွင့်ဆိုပြီး လိုက်လျောညီထွေစွာ တုံ့ပြန်တတ်ခြင်း၊ လွှမ်းမိုးမှုနှင့် ဆွဲဆောင်မှုရှိခြင်း၊ ရှင်းလင်းသောဆက်သွယ်ရေးနှင့် စိတ်ခံစားမှုဆိုင်ရာ ထိတွေ့မှုမှတစ်ဆင့် အခြားသူများကို လှုံ့ဆော်နိုင်ခြင်း၊ ကိုယ်ပိုင်အသိဉာဏ်ကို အသုံးချ၍ ကိုယ့်စိတ်ခံစားမှု၊ ဘက်လိုက်မှုများ မပါစေဘဲ အကြောင်းပြချက်များကို နားလည်ပြီး လူမှုဆက်ဆံရေးတွင် ပိုမိုထိန်းချုပ်နိုင်ခြင်း စသည့်အချက်များပါဝင်ကာ ၎င်းတို့ကိုသိရှိနားလည်အသုံးချနိုင်ရန်လိုသည်။

> ❖ လူမှုဆက်ဆံရေးဉာဏ်ရည်သည် ခေါင်းဆောင်မှု၊ အဖွဲ့လိုက်လုပ်ဆောင်မှုနှင့် ပုံမှန်ဆက်ဆံရေးအတွက် အရေးကြီး . . .
>
> ❖ လူမှုဆက်ဆံရေးဉာဏ်ရည်သည် အိုင်တီခေတ်တွင် ပိုမိုအရေးပါလာသည်။ ရှင်းလင်းပြီးလိုက်လျောညီထွေဖြစ်စေမည့် အွန်လိုင်းဆက်ဆံရေးကို သတိပြုဆောင်ရွက်ရန်လို . . .
>
> ❖ လူမှုဆက်ဆံရေးဉာဏ်ရည်သည် အလွန်ကျယ်ပြန့်သည်။ စာနာမှု၊ တက်ကြွစွာနားထောင်မှုနှင့် လိုက်လျောညီထွေမှုကိုမြှင့်တင်ခြင်းဖြင့် မည်သူမဆို ၎င်းတို့၏ လူမှုဆက်ဆံရေးဉာဏ်ရည်ကို မြှင့်တင်နိုင်ပြီး အခွင့်အလမ်းများကို တိုးတက်စေနိုင် . . .

**လူမှုဆက်ဆံရေးဉာဏ်ရည်၏ အရေးပါမှု**

လူမှုဆက်ဆံရေးဉာဏ်ရည်သည် ပုဂ္ဂိုလ်ရေးနှင့် ပရော်ဖက်ရှင်နယ်အောင်မြင်မှု၏ အဓိကအုတ်မြစ်ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်သွယ်ရေးကို အခြေခံသည့် ကမ္ဘာတွင် အဖွဲ့အစည်းများကို ဦးဆောင်ရန်၊ ပဋိပက္ခများကိုညှိနှိုင်းရန်နှင့် ယုံကြည်မှုတည်ဆောက်ရန် လူမှုဆက်ဆံရေးဉာဏ်ရည် ထူးချွန်သူများသည် ပိုမိုကောင်းမွန်စွာ ပြင်ဆင်ထားကြလေ့ရှိသည်။ လူမှုဆက်ဆံရေးဉာဏ်ရည်ရှိသူများသည် အခြားသူများ၏ လိုအပ်ချက်နှင့် စိတ်ခံစားမှုများကို နားလည်ခြင်းဖြင့် ပိုမိုနက်ရှိုင်းပြီး စစ်မှန်သော ဆက်ဆံရေးများ တည်ဆောက်နိုင်ခြင်း၊ ပရော်ဖက်ရှင်နယ် နယ်ပယ်တွင် လူမှုဆက်ဆံရေးဉာဏ်ရည်သည် ခေါင်းဆောင်မှု၊ အဖွဲ့လိုက် လုပ်ဆောင်မှုနှင့် ပုံမှန်ဆက်ဆံရေးအတွက် အရေးကြီးသည်။ လေ့လာမှုများအရ လူမှုဆက်ဆံရေးဉာဏ်ရည်မြင့်သော ခေါင်းဆောင်များသည် ဝန်ထမ်းများ၏ပါဝင်ပတ်သက်မှုနှင့် ထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်ကာ စာနာမှုနှင့် သတိရှိမှုဖြင့် သဘောထားကွဲလွဲမှုများကို ကျော်လွှားဖြေရှင်းနိုင်ကြောင်းတွေ့ရှိရသည်။ မတူကွဲပြားသော လူ့အဖွဲ့အစည်းများတွင် လူမှုဆက်ဆံရေးဉာဏ်ရည်သည် ကွဲပြားသောရှုထောင့်များနှင့် ဓလေ့ထုံးတမ်းများကို လေးစားမှု၊ နားလည်မှုများဖြင့် ပေါင်းကူးတည်ဆောက်ပေးသည်။ ထို့ပြင် စိတ်ကျန်းမာရေး အကျိုးကျေးဇူးအနေဖြင့် လူမှုဆက်ဆံရေးဉာဏ်ရည်ဖြင့် တည်ဆောက်ထားသည့် ခိုင်မာသော လူမှုဆက်ဆံရေးများသည် စိတ်ဖိစီးမှုနည်းပါးပြီး စိတ်ကျန်းမာရေးကို တိုးတက်စေသည်။

**လူမှုဆက်ဆံရေးဉာဏ်ရည်ကို ပျိုးထောင်ခြင်း**

လူမှုဆက်ဆံရေးဉာဏ်ရည်သည် သဘာဝအလျောက် ထူးချွန်သူများအတွက်သာမက သာမန်လူများအနေဖြင့်လည်း လေ့ကျင့်မှုဖြင့် တိုးတက်မှုရနိုင်သော ကျွမ်းကျင်မှုတစ်ခုဖြစ်သည်။ လူမှုဆက်ဆံရေးဉာဏ်ရည်ကို မြှင့်တင်ရန် လက်တွေ့ကျသော နည်းလမ်းများအနေဖြင့် တက်ကြွစွာနားထောင်မှုကိုလေ့ကျင့်ပါ၊ အာရုံပျံ့လွင့်မှုမရှိဘဲ အခြားသူများ၏ ပြောဆိုချက်များကို အာရုံစိုက်ပါ၊ ၎င်းတို့၏ ပြောဆိုချက်များကို နားလည်မှုပြရန် ပြန်လည်တုံ့ပြန်ပါ၊ စကားပြောနေစဉ် ခန္ဓာကိုယ်အမူအရာ၊ အသံပြောင်းလဲမှုနှင့် မျက်နှာအမူအရာများကို အာရုံစိုက်ပါ၊ အခြားသူများ၏ ရှုထောင့်နှင့် စိတ်ခံစားမှုများကို စိတ်ကူးဖြင့် ခံစားကြည့်ပါ၊ ၎င်းတို့၏ အတွေ့အကြုံများကို ပိုမိုသိရှိရန် မေးခွန်းများမေးပါ၊ ယုံကြည်ရသောသူငယ်ချင်း သို့မဟုတ် လုပ်ဖော်ကိုင်ဖက်များထံမှ သင်၏ လူမှုဆက်ဆံရေးကျွမ်းကျင်မှုနှင့်ပတ်သက်၍ ရိုးသားသော အကြံပြုချက်များကို တောင်းခံပါ၊ စိတ်ခံစားမှုများကို စီမံပါ၊ စိန်ခေါ်မှုရှိသော အခြေအနေများတွင် စိတ်တည်ငြိမ်အောင် လေ့ကျင့်ပါ၊ နက်ရှိုင်းစွာ အသက်ရှူခြင်း သို့မဟုတ် တုံ့ပြန်မှုမပြုမီ ခဏရပ်တန့်ခြင်းကဲ့သို့သော နည်းစနစ်များသည် စိတ်ခံစားမှုပေါက်ကွဲမှုကို ကာကွယ်ပေးနိုင်သည်။ မတူကွဲပြားသော လူမှုအခြေအနေများတွင် ပါဝင်ပါ၊ ယဉ်ကျေးမှုနှင့် လူမှုဓလေ့ထုံးတမ်းများကို ပိုမိုနားလည်ရန် မတူညီသော နောက်ခံရှိသူများနှင့် ဆက်ဆံပါ၊ စံနမူနာထားသောပုဂ္ဂိုလ်များထံမှ သင်ယူပါ၊ လူမှုပတ်ဝန်းကျင်တွင် ထူးချွန်သူများကို စောင့်ကြည့်ပြီး ၎င်းတို့၏ လုပ်နည်းလုပ်ဟန်များကို အတုယူပါ၊ လူမှုဆက်ဆံရေးဆိုင်ရာ စာအုပ်များကို ဖတ်ရှုပြီး ပြန်လည်သုံးသပ်အသုံးချပါ။

**အိုင်တီခေတ်နှင့် လူမှုဆက်ဆံရေးဉာဏ်ရည်**

အိုင်တီအသုံးပြုမှုများ မြင့်တက်လာမှုသည် လူမှုဆက်ဆံရေးဉာဏ်ရည်ကို အသုံးချမှုပြောင်းလဲစေခဲ့သည်။ နည်းပညာသည် ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်မှုများကို ဖြစ်ပေါ်စေသော်လည်း နားလည်မှုလွဲခြင်းနှင့် ရှုပ်ထွေးမှုအချို့ကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် လူမှုဆက်ဆံရေးဉာဏ်ရည်သည် အိုင်တီခေတ်တွင် ပိုမိုအရေးပါလာသည်။ ရှင်းလင်းပြီး လိုက်လျောညီထွေဖြစ်စေမည့် အွန်လိုင်းဆက်ဆံရေးကို သတိပြုဆောင်ရွက်ရန်လိုသည်။ ထို့ကြောင့် အီးမေးနှင့် မက်ဆေ့များတွင် ဘာသာစကားကို ရှင်းလင်းတိုတောင်းစွာအသုံးပြုခြင်း၊ စစ်မှန်သော ဆက်ဆံရေးများကို ထိန်းသိမ်းရန် အော့ဖ်လိုင်းနှင့် အွန်လိုင်း ဆက်ဆံရေးများကို ဟန်ချက်ညီအောင် ဆောင်ရွက်ခြင်း စသည်တို့လိုအပ်သည်။ တစ်ချိန်တည်းမှာပင် Facebook ကဲ့သို့သော လူမှုမီဒီယာပလက်ဖောင်းများသည် လူထုခံစားချက်နှင့် ခေတ်ရေစီးကြောင်းများကို အချိန်နှင့်တစ်ပြေးညီ ထိုးထွင်းသိမြင်နိုင်ပြီး လူမှုဆက်ဆံရေးအသိဉာဏ်ကို လေ့ကျင့်ရန် အခွင့်အလမ်းများပေးသည်။ အကြံပြုချက်များနှင့်မှတ်ချက်စကားများကို တုံ့ပြန်ခြင်း သို့မဟုတ် အကြံဉာဏ်များကို မျှဝေခြင်းဖြင့် မတူကွဲပြားသော ရှုထောင့်များအား ရင်ဆိုင်ဖြတ်သန်းနိုင်မှုကို မြှင့်တင်ပေးသည်။

**လူမှုဆက်ဆံရေးဆိုင်ရာအမြင်လွဲမှားမှုများ**

လူမှုဆက်ဆံရေးဉာဏ်ရည်ကို မကြာခဏ နားလည်မှု လွဲမှားတတ်သည်။ အချို့က လူမှုဆက်ဆံရေးဉာဏ်ရည်ကို စကားပြောဆိုဆက်ဆံရေးတွင် အလွန်အဆင်ပြေမှုနှင့် ညီမျှသည်ဟု ထင်မြင်တတ်ကြသော်လည်း အလွန်အကျွံစကားမပြောသူများအနေဖြင့်လည်း နားထောင်မှုကျွမ်းကျင်မှုနှင့် သတိရှိရှိတုံ့ပြန်နိုင်ခြင်းဖြင့် လူမှုဆက်ဆံရေးဉာဏ်ရည်တွင် ထူးချွန်နိုင်သည်။ လူမှုဆက်ဆံရေးတွင် လူအများအမြင်ကို ထိခိုက်စေနိုင်သော ဘက်လိုက်မှုများကို ကျော်လွှားရန်အရေးကြီးသည်။ ဥပမာ-ပုံသေသမားရိုးကျပုံစံများအပေါ် အခြေခံ၍ တစ်စုံတစ်ယောက်၏ ရည်ရွယ်ချက်များကို ယူဆခြင်းသည် စာနာမှုနှင့် ချိတ်ဆက်မှုကို ဟန့်တားနိုင်သည်။ ထို့ပြင် ယဉ်ကျေးမှုကွဲပြားမှုများသည် လူမှုဆက်ဆံရေးကို ရှုပ်ထွေးစေနိုင်သည်။ ယဉ်ကျေးမှုတစ်ခုတွင် ယဉ်ကျေးသည်ဟု ယူဆသည်မှာ အခြားတစ်ခုတွင် ရိုင်းစိုင်းမှုဖြစ်နိုင်သည်။ ဤအတားအဆီးများကို ကျော်လွှားရန် စဉ်ဆက်မပြတ်သင်ယူမှုနှင့် အကြံပြုချက်များကို နားလည်လက်ခံမှုသည် မရှိမဖြစ်လိုအပ်သည်။

လူမှုဆက်ဆံရေးဉာဏ်ရည်သည် အလွန်ကျယ်ပြန့်သည်။ စာနာမှု၊ တက်ကြွစွာနားထောင်မှုနှင့် လိုက်လျောညီထွေမှုကိုမြှင့်တင်ခြင်းဖြင့် မည်သူမဆို ၎င်းတို့၏ လူမှုဆက်ဆံရေးဉာဏ်ရည်ကို မြှင့်တင်နိုင်ပြီး အခွင့်အလမ်းများကို တိုးတက်စေနိုင်သည်။ လျင်မြန်စွာ ပြောင်းလဲနေသော အိုင်တီခေတ်တွင် လူမှုဆက်ဆံရေးဉာဏ်ရည်သည် လူပုဂ္ဂိုလ်များ၊ ယဉ်ကျေးမှုနှင့် လူမှုအသိုင်းအဝိုင်းများကို ချိတ်ဆက်ပေးသည့် တံတားတစ်ခုအဖြစ် ယခင်ကာလများထက် ပိုမိုတန်ဖိုးရှိလာကြောင်း ရေးသားလိုက်ရပါသည်။ ။

**ဒေါက်တာဗေယျာဝင်း**

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၅-၂၀၂၆ ပညာသင်နှစ်"
## အခြေခံပညာကျောင်းများတွင်
## ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

(က) သူငယ်တန်း (KG) သင်ရိုးသစ်
၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့်ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြိမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း ၆။ ကျောင်းဝတ်စုံ(၁)စုံ

(ခ) ပထမတန်း (Grade 1) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဂ) ဒုတိယတန်း (Grade 2) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(င) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(စ) ပဉ္စမတန်း (Grade 5) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဇ) သတ္တမတန်း (Grade 7) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဈ) အဋ္ဌမတန်း (Grade 8) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ်(၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

(ဋ) ဒသမတန်း (Grade 10) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ (ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ်(၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂)ချောင်း

(ဌ) ဧကာဒသမတန်း (Grade 11) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ (ပန်းချီ)(သို့မဟုတ်)အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ်(၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂) ချောင်း

(ဍ) ဒွါဒသမတန်း(Grade 12) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ ဗလာစာအုပ် (၁)ဒါဇင် ၁၇။ ဘောပင်(၂)ချောင်း ၁၈။ ခဲတံ(၂) ချောင်း

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၅၂၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ၊ ဈေးနှုန်းများဆက်တိုက်ကျဆင်းလျက်ရှိ

**နေပြည်တော် မေ ၁၈**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသောစားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျအပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေလ ၁၉ ရက်မှ ၂၅ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၅၂၅ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီကအသိပေးထုတ်ပြန်ကြေညာထားကြောင်းသိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့်ဈေးနှုန်းထက်ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရသည်။

**စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ မြန်မာနိုင်ငံသို့ CIF စနစ်အရ တင်သွင်းနေသည့် စားအုန်းဆီတစ်တန်ဈေးနှုန်းမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှဆက်တိုက်ကျဆင်းလာခဲ့ရာ ပြည်တွင်း တစ်ပိဿာ လက်ကားရည်ညွှန်းဈေးနှုန်းမှာလည်း အဆိုပါလေးလတာကာလအတွင်း ၇၅၅ ကျပ် ကျဆင်းလာကြောင်း သိရသည်။**

မြဝတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၆၀ | ၂၈၃၀ | ၂၇၆၅ | ၂၈၇၀ | ၂၈၈၅ | ၂၉၀၀ | ၂၈၂၀ | ၄၅၀၅ | ၃၁၁၅ | ၂၈၃၅ | ၂၈၄၀ | ၂၉၁၀ | ၂၈၇၅ | ၂၈၉၅ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၆၀ | ၂၈၇၅ | ၄၅၆၀ | ၃၁၇၀ | ၂၈၉၅ | ၂၈၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၂၁၀ |
| HSD (500 ppm) | ၂၃၂၀ | ၂၄၃၀ | ၂၄၀၀ | ၂၃၃၅ | ၂၄၄၀ | ၂၄၅၅ | ၂၄၇၀ | ၂၃၉၀ | - | ၂၆၈၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၈၀ | ၂၄၄၅ | ၂၄၆၅ | ၂၇၂၀ |
| HSD (50 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | ၄၈၃၀ | ၃၁၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |
| HSD (10 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | - | ၃၁၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၈၇ | ၂၆၇၂ |
| 95 Ron | ၂၆၄၂ | ၂၇၂၈ |
| HSD (500 ppm) | ၂၁၇၀ | ၂၂၄၃ |
| HSD (50 ppm) | ၂၆၈၉ | ၂၇၇၂ |
| HSD (10 ppm) | ၂၆၈၉ | ၂၇၇၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**





ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများ သတ္တသတ္တာဟမဟာဗောဓိစေတီတော်ကြီးနှင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယလေးဌာနသို့ သွားရောက်လေ့လာဖူးမြော်ကြည်ညိုစဉ်။





ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများ သူရဲကောင်းဗိမာန်သို့ သွားရောက်လေ့လာစဉ်။

⇨ **ရှေ့ဖုံးမှအဆက်**

သွားရောက်လေ့လာဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့သည်။

မွန်းလွဲပိုင်းတွင် ရေကြောင်းလူငယ်မောင်မယ်များသည် သူရဲကောင်းဗိမာန်သို့သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)

# မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ မျိုးသုဉ်းရန်အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် ငှက်ကျားမျိုးစိတ်များ ဝင်ရောက်ကျက်စား

ရန်ကုန် မေ ၁၈


ပဲခူးတိုင်းဒေသကြီးတွင် တည်ရှိသည့် မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ကမ္ဘာပေါ်၌ မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ငှက်ကျားမျိုးစိတ်ကောင်ရေ ၅၀၀ ခန့် ဝင်ရောက်ကျက်စားနေကြောင်း မိုးယွန်းကြီးအင်းဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။



" ဒီနှစ်မှာ မုတ်သုံစောပြီး နွေအကုန်မိုးအကူးမှာ မိုးယွန်းကြီးအင်းကို မျိုးသုဉ်းဖို့ အန္တရာယ်ရှိနေတဲ့ ငှက်ကျားကောင်ရေ ၅၀၀ နီးပါး ဝင်လာတာတွေ့ရပါတယ်၊ အခုလိုတွေ့မြင်ရတာဟာ အင်းအတွက် ဝမ်းသာဂုဏ်ယူစရာပါ။ အခြားသောရေဝပ်ဒေသတွေမှာမရှိဘဲ မိုးယွန်းကြီးအင်းမှာပဲတွေ့ရတာပါ။ တစ်နှစ်ပတ်လုံး ဟိုနားဒီနားသုံးလေးကောင်တွေ့ရပေမယ့် ဒီလတွေမှာ အုပ်စုလိုက်ဝင်ရောက်တာကိုတွေ့ရပါတယ်၊ အရှေ့တောင်အာရှဒေသရဲ့ ဌာနေငှက်မျိုးစိတ်ဖြစ်တဲ့အတွက် ကမ္ဘောဒီးယား၊ ထိုင်းနဲ့စင်ကာပူနိုင်ငံမှာတွေ့ရပြီး ကမ္ဘောဒီးယားနိုင်ငံမှာ သားပေါက်တယ်လို့ယူဆရပါတယ်၊ အစာရေစာပေါများတဲ့ မိုးယွန်းကြီးအင်းကို အများဆုံးဝင်ရောက်တာဟာ ရေပျော်ငှက်တွေရဲ့သဘာဝအရ အစာရေစာပေါများတဲ့ ရေဝပ်ဒေသတွေကို သိရှိထားတာကြောင့် စားကျက်မြေပေါများတဲ့ မိုးယွန်းကြီးအင်းကို ဝင်ရောက်ကျက်စားတာဟာ ဂုဏ်ယူစရာပါ။ ဒါကြောင့် ကမ္ဘာပေါ်မှာ မျိုးသုဉ်းဖို့ အန္တရာယ်ရှိနေတဲ့ ငှက်မျိုးစိတ်တွေ ဝင်ရောက်ကျက်စားတဲ့ မိုးယွန်းကြီးအင်းဘေးမဲ့တော ရေရှည်တည်တံ့ဖို့အတွက် အားလုံးဝိုင်းဝန်းထိန်းသိမ်းသွားဖို့လည်း လိုပါတယ်" ဟု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးက ပြောသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ကောင်းမွန်သော ရေဝပ်ဒေသတစ်ခုဖြစ်ပြီး ဌာနေငှက်များနှင့် ရေပျော်ငှက်များ ကျက်စားရာ မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ငှက်မျိုးစိတ် ၁၂ မျိုးသည် ရာသီအလိုက် ဝင်ရောက်ကျက်စားလျက်ရှိရာ အဆိုပါငှက်မျိုးစိတ်များတွင် ပါဝင်သည့် ငှက်ကျားမျိုးစိတ်များ ယခုလတွင် အုပ်စုလိုက် ဝင်ရောက်ကျက်စားနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်ရှင်သန်ကျက်စားသည့် ခရုတုတ်ငှက်များသည် အင်းလေးကန်တွင် သားပေါက်၍ မိုးယွန်းကြီးအင်းအပါအဝင် ရေဝပ်ဒေသများသို့ လှည့်လည်ကျက်စားလေ့ရှိပြီး ငှက်ကြီးဝန်ပိုမျိုးစိတ်သည် ဩဂုတ်လမှစက်တင်ဘာလအထိ မိုးယွန်းကြီးအင်းအတွင်း ကျက်စားလေ့ရှိ၍ ငှက်ကျားမျိုးစိတ်သည် အင်းလေးကန်နှင့် အင်းတော်ကြီးကန်တွင် ကျက်စားလေ့မရှိဘဲ မိုးယွန်းကြီးအင်းသို့ ဝင်ရောက်ကျက်စားလေ့ရှိသည်။



ငှက်ကျားမျိုးစိတ်သည် ဥရောပတိုက်တွင် စပိန်၊ ဆွီဒင်၊ ဒိန်းမတ်၊ ဂရိ၊ ဟော်လန်နိုင်ငံတို့တွင် ကျက်စားလေ့ရှိပြီး အိန္ဒိယနိုင်ငံနှင့်အာဖရိကတိုက်တွင်လည်း ကျက်စားလေ့ရှိ၍ အာရှတိုက်တွင် မြန်မာနိုင်ငံ၏ ရမ်ဆာရေဝပ်ဒေသတစ်ခုဖြစ်သော မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ အုပ်စုလိုက် ဝင်ရောက်ကျက်စားလေ့ရှိသည်။

မိုးယွန်းကြီးအင်း ဘေးမဲ့တောသို့ ငှက်ကျားမျိုးစိတ်များ ဧပြီလတွင် စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ဇွန်လဆန်းပိုင်းတွင် ပြန်လည်ထွက်ခွာလေ့ရှိကြောင်း၊ နွေနှင့်မိုးရာသီစပ်ကြားကာလ၌ စပါးပင်များတွင် ကပ်နေသည့် ခရုများကို ခရုတုတ်ငှက်များကစားသုံးလေ့ရှိပြီး ရေစပ်စပ်ရှိသည့် လယ်ကွက်များ၌ ခုံးခရုများကို ငှက်ကျားမျိုးစိတ်များက စားသုံးလေ့ရှိရာ ယခုလပိုင်းတွင် ငှက်ကျားများအုပ်လိုက်ကျရောက်ကျက်စားခြင်းသည် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏အလှကို ပိုမိုပေါ်လွင်စေလျက် တောင်သူတို့၏စပါးခင်းများကို ဖျက်ဆီးလေ့ရှိသည့် မိုးရာသီခရုများ၏ အန္တရာယ်ကိုလည်း လျော့ပါးစေလျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ - ဇွဲမာန် -အောင်အောင်(MNA)**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ကြီးဌာနအောက်ရှိ ဌာနပိုင်မြေနေရာများ၌ ငလျင်ဘေးသင့်ဝန်ထမ်းမိသားစုများ နေထိုင်မည့် Modular House များ တည်ဆောက်နေမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး

## နေပြည်တော်ကောင်စီနယ်မြေအတွက် Modular Office လေးလုံးနှင့် Modular House ၃၄ လုံးတို့ကို တပ်ဆင်တည်ဆောက်ပြီးစီး



နေပြည်တော် မေ ၁၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက စီစဉ်ခွဲဝေပေးထားသည့် Modular House များအား ဝန်ကြီးဌာနအောက်ရှိ မြန်မာ့မီးရထားနှင့်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနပိုင်မြေနေရာများ၌ ငလျင်ဘေးသင့်ဝန်ထမ်းမိသားစုများနေထိုင်နိုင်ရန်အတွက် တည်ဆောက်နေမှုလုပ်ငန်းခွင်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနမှတာဝန်ရှိသူများနှင့်အတူ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ဘူတာကြီးနယ်မြေ မြောက်ဘက်၊ စက်မှုနှင့်လျှပ်စစ်ဝန်ထမ်းအိမ်ရာများအနီး၌ ငလျင်ဘေးသင့်ဝန်ထမ်းမိသားစုများ နေထိုင်နိုင်ရန်အတွက် တည်ဆောက်ပေးနေသည့် Modular House စခန်းအမှတ်(၁)သို့ ရောက်ရှိရာ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးက မြေနေရာအကျယ်အဝန်း၊ တည်ဆောက်နေရာချထားမှုအကွက်ချပုံစံ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ခွဲဝေပေးထားသည့် Modular House အရေအတွက်၊ ယနေ့အထိ လွှဲပြောင်းထုတ်ယူရရှိပြီးသည့် ပမာဏ၊ Modular House များ တည်ဆောက်နိုင်ရေး အင်ဂျင်နီယာအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုအခြေအနေ၊ တည်ဆောက်ပြီးစီးမှု၊ တည်ဆောက်နေဆဲ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးက တည်ဆောက်လျက်ရှိသည့် Modular House များနှင့် အဝီစိတွင်းတူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းများနေရာချထားမှုစနစ်တကျဖြစ်စေရေး၊ ရေ၊ မီး၊ မိလ္လာ လိုအပ်ချက်များဖြည့်ဆည်းပေးရေး၊ လူနှင့်ယာဉ်များ ဝင်လမ်း၊ ထွက်လမ်းအဆင်ပြေစေရေး၊ တည်ဆောက်ရေးဝန်ထမ်းအဖွဲ့များ ဘေးအန္တရာယ်ထိခိုက်မှုမဖြစ်စေရေးတို့ကို မှာကြားသည်။

ထို့နောက် နေပြည်တော်ဘူတာကြီးနယ်မြေ တောင်ဘက်မြေနေရာ၌ သတ်မှတ်ထားသည့် Modular House စခန်းအမှတ်(၂)သို့ ရောက်ရှိလာရာ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးက အဆိုပါနေရာတွင် မြန်မာ့မီးရထားမှ ဝန်ထမ်းမိသားစုများ သာမကဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့် အခြားဌာနဝန်ထမ်းမိသားစုများကိုပါ နေရာချထားပေးနိုင်ရန် စီစဉ်အကွက်ချထားမှုအခြေအနေ၊ မီး၊ ရေ ရရှိရေးဆောင်ရွက်ထားမှုအခြေအနေနှင့် လွှဲပြောင်းထုတ်ယူရရှိသည့် Modular House များအား တပ်ဆင်ရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးပြီး ဤစခန်းနေရာ၌ မြေအနေအထားအရ ရေစီးရေလာကောင်းမွန်စေရေးကြိုတင်ဆောင်ရွက်ရန် ကိစ္စ၊ ဝင်လမ်း၊ ထွက်လမ်းများ ကောင်းမွန်ရေးကိစ္စ၊ ခြံစည်းရိုးကာရံရေးစသည့်လိုအပ်ချက်များကို မှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးတော်) ရုံးနယ်မြေအတွင်းရှိ Modular House စခန်းနေရာသို့ရောက်ရှိရာ ဌာနတည်ဆောက်ရေးတာဝန်ခံက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ပြည်ထောင်စုဝန်ကြီးက Modular House များ တပ်ဆင်တည်ဆောက်နေမှု၊ အသုံးပြုမည့် ကျောက်ရေစည်များ စီစဉ်ထားမှု၊ သန့်စင်ခန်းများနေရာချထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေ၊ မီးရရှိရေးနှင့် ဝန်ထမ်းမိသားစုများ အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရေးစီစဉ်ဆောင်ရွက်သွားရန် မှာကြားသည်။

လက်ရှိတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက နေပြည်တော်ကောင်စီနယ်မြေအတွက် စီစဉ်ခွဲဝေပေးသည့် Modular Office ခြောက်လုံးနှင့် Modular House ၁၅၆ လုံးတို့ကို လက်ခံရရှိထားပြီးဖြစ်ရာ Modular Office လေးလုံးနှင့် Modular House ၃၄ လုံးတို့ကို တပ်ဆင်တည်ဆောက်ပြီးစီး၍ ကျန်ရှိသည်များကိုလည်း အမြန်ဆုံးပြီးစီးအောင်တပ်ဆင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် ဓာတ်အားလိုင်းနှင့်ဓာတ်အားလွှတ်ပစ္စည်းများထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်သွားရန်မှာကြား



နေပြည်တော် မေ ၁၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့က နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံအမှတ်(၄)နှင့် ဓာတ်အားခွဲရုံအမှတ်(၇) လယ်ဝေးမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်းရှိ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံများမှ ပုံမှန်ဓာတ်အားဖြန့်ဖြူးပေးထားမှုအခြေအနေများနှင့် နေပြည်တော်အင်ဂျင်နီယာချုပ်ရုံး၏ ပစ္စည်းစီမံရေးဌာန၊ စတိုအဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံအမှတ်(၄)နှင့် ဓာတ်အားခွဲရုံအမှတ်(၇)များသို့ ရောက်ရှိစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားလွှတ်ပစ္စည်းများ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်သွားရန်၊ ဓာတ်အားဖြန့်ဖြူးမှုပြ Single Line Diagram နှင့် Location Map များကို တိုးချဲ့တည်ဆောက်ထားသော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများပါဝင်ရေး Update ပြုလုပ်သွားရန် မှာကြားကာ ဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းမိသားစုများ စနစ်တကျနေရာချထားပေးမှုအခြေအနေများနှင့် သီးပင်စားပင်စိုက်ပျိုးထားရှိမှုအခြေအနေအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်းရှိ ၃၃/၁၁ ကေဗွီမြို့တွင်းဓာတ်အားခွဲရုံသို့ရောက်ရှိစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဓာတ်အားခွဲရုံအနီးတစ်ဝိုက် လုံခြုံရေးနှင့်သန့်ရှင်းရေးအမြဲမပြတ်လိုက်လံစစ်ဆေးဆောင်ရွက်သွားရန်၊ ဓာတ်အားဖြန့်ဖြူးမှုဧရိယာကျယ်ပြန့်လာသည်နှင့်အမျှ ဓာတ်အားပြတ်တောက်မှုလျော့နည်းရေးနှင့် ဓာတ်အားပျောက်ဆုံးမှုကျဆင်းရေးတို့ကို အထူးအလေးအနက်ထားဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းများကို တာဝန်ခွဲဝေပေးမှုများ စနစ်တကျ သတ်သတ်မှတ်မှတ် တာဝန်ပေးဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် နေပြည်တော်အင်ဂျင်နီယာချုပ်ရုံး၏ ပစ္စည်းစီမံရေးဌာန၊ စတိုအဆောက်အအုံသို့ ရောက်ရှိကြပြီး ဒုတိယဝန်ကြီးက ပစ္စည်းများ လက်ခံ/ ထုတ်ပေးဆောင်ရွက်ရာတွင် First In First Out စနစ်ဖြင့် ထုတ်ပေးဆောင်ရွက်သွားရန်၊ ရရှိ/ထုတ်ပေး/သုံးစွဲ/လက်ကျန် စာရင်းများ စနစ်တကျစာရင်းပြုစုသွားကြရန်၊ ဓာတ်အားလိုင်းများအဟောင်းအသစ်လဲလှယ်ရာမှ ထွက်ရှိလာသော ဆယ်တင်ပစ္စည်းအား သုံးစွဲ၍ရသည့် ပစ္စည်းများ စာရင်းသေချာစွာပြုစု၍ လိုအပ်သည့်နေရာများတွင်ထုတ်ယူသွားစေရန်နှင့် ကျန်သုံးစွဲ၍မရသောဆယ်တင်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားစေရေးမှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်းသိရသည်။

မြဝတီ

**၁၈-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၃၆၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၇၁၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့အကြွေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မန္တလေးငလျင်ကြီးဘေးဒဏ်သင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် စားသောက်ဖွယ်ရာများလှူဒါန်း




နေပြည်တော် မေ ၁၈

မန္တလေးငလျင်ကြီး ဘေးဒဏ်သင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများအတွက် အဘိဓမ္မရေ အကယ်ဒမီခန့်စည်သူက စားသောက်ဖွယ်ရာများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် အလှူရှင် အကယ်ဒမီခန့်စည်သူနှင့်အဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အကယ်ဒမီ ခန့်စည်သူက ငွေကျပ်သိန်းနှစ်ရာတန်ဖိုးရှိ ဆန် ၂၄ ပြည်အိတ် ၅၀၊ ဆီ ၁၀ ပိဿာပုံး ၃၀၊ ရေသန့် ၂၀ လီတာဘူး ၁၀၀၊ ကုလားပဲ ပိဿာ ၆၀၊ ဆားအထုပ် ၂၀၀၊ ခေါက်ဆွဲခြောက် အထုပ် ၁၈၀ ပါ ၄၈ ဖာ၊ ငါးခြောက် ၂၅ ပိဿာ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။ **မြဝတီ**

# ဆေးဝါးများ လုံလောက်စွာဖြည့်ဆည်းထားရှိမှုအပေါ် ပြည်သူများရရှိခံစားနိုင်ရေးနှင့် မလိုလားအပ်သော ဆုံးရှုံးမှုများမရှိစေရန် စနစ်တကျစီမံဆောင်ရွက်ကြစေလို

နေပြည်တော် မေ ၁၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Center ၌ကျင်းပသော (Urban Health Center–UHC)ဒေသန္တရကျန်းမာရေးဌာနများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ကျန်းမာရေးဦးစီးဌာနဖွဲ့စည်းပုံအရ (Urban Health Center–UHC)ဒေသန္တရကျန်းမာရေးဌာနများကို မြို့ပေါ်၌ ဖွင့်လှစ်ထားရှိရာ ပြည်သူအားလုံးအကျိုးဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို အားဖြည့်နိုင်ရန်အတွက် ယခုအခါ အဆိုပါ UHC များတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းတိုးမြှင့်ဆောင်ရွက်ရာတွင် ရေရှည်အတွက်ရည်ရွယ်၍ ကနဦး ဦးစားပေးမြို့နယ်အချို့တွင် အကောင်အထည်ဖော်ကာ တိုးချဲ့ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ဆေးဝါးများ လုံလောက်စွာဖြည့်ဆည်းထားရှိမှုအပေါ် ပြည်သူများရရှိခံစားနိုင်ရေးနှင့် မလိုလားအပ်သောဆုံးရှုံးမှုများမရှိစေရန် စနစ်တကျစီမံဆောင်ရွက်ကြစေလိုကြောင်း၊ ပုံမှန်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ဆေးထိုးသင့်သည့်အသက်အရွယ်အားလုံးပါဝင်နိုင်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှတို့က ဒေသန္တရကျန်းမာရေးဌာနများ လုပ်ငန်းတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များမှာကြားကြပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက စတင်ဆောင်ရွက်မည့် ဒေသန္တရကျန်းမာရေးဌာန ၁၂ ခုတို့၏ အခြေအနေနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်မည့် ဒေသန္တရကျန်းမာရေးဌာနများ ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများက ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းကလည်း ဆေးတက္ကသိုလ်(၁)ရန်ကုန် ဧည့်ခန်းမ၌ အိန္ဒိယ–မြန်မာကုန်သည်များအသင်း (India–Myanmar Chamber of Commerce–IMCC) က ငလျင်ဘေးသင့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လှူဒါန်းသော ငွေကျပ်သိန်း ၃၄၀ တန်ဖိုးရှိ ဆေးဝါးများနှင့်ငွေသားကျပ်သိန်း ၂၀၀ တို့ကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur၊ Second နှင့် အိန္ဒိယ–မြန်မာကုန်သည်များ အသင်းဥက္ကဋ္ဌ Mr. Narish Kumur တို့က လှူဒါန်းမှုကိုလည်းကောင်း၊ Aorta Co.,Ltd. က လှူဒါန်းသည့်ငွေကျပ် ၂၂၂ သိန်းခြောက်သောင်းတန်ဖိုးရှိ ဆေးဝါး ၁၀ မျိုးနှင့် ငွေသားသိန်း ၁၅၀ တို့ကိုလည်းကောင်း လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဗဟိုဆေးသိုလှောင်ရေးဌာန ရန်ကုန်သို့သွားရောက်၍ မန္တလေးမြေငလျင်ကြီး ပြန်လည်ထူထောင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ယွမ် ၃၂ သန်းခန့်တန်ဖိုးရှိ Mobile Operation Room ၉၅ လုံးကို ယာယီလက်ခံသိမ်းဆည်းထားသည့်အခြေအနေနှင့်နမူနာတပ်ဆင်ထားသည့်ခွဲစိတ်ခန်းကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီးသဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်ခြေရှိသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ ဆေးရုံများသို့ အချိန်နှင့်တစ်ပြေးညီပို့ဆောင်နိုင်ရေးနှင့်ရောက်ရှိပါက စနစ်တကျထိန်းသိမ်းထားရှိရေးအတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁˚c | / | ၃၂˚c |
| ရန်ကုန် | ၂၄˚c | / | ၃၄˚c |
| မန္တလေး | ၂၅˚c | / | ၃၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကိုချွေတာကြပါစို့

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# More than 9,000 acres of peanut harvested in Homalin District

HOMALIN May 18

Statistics of Homalin District Agriculture Department stated that a total of 9,457 acres of peanuts have been harvested in Homalin District of Sagaing Region.

Local farmers planted 9,457 acres of peanut as cold season crops in the district. They started harvest of peanut in February this year. So far, local farmers have harvested 9,426 acres of peanut in Homalin Township and 31 acres in Mobailuk, totalling 9,457 acres, yielding 50.61 baskets per acre.

"During the cultivation season in Homalin District, peanuts were cultivated on up to 9,457 acres. At present, the entire cultivated peanut acreage has been fully harvested. The peanut cultivation exceeded the initially planned acreage, and the effort has been successful. As an oil crop, peanut cultivation has proven to be a success, showing yearly improvements," said Daw Su Su Htwe, the District Head of the Homalin District Department of Agriculture.

In Homalin District, peanut cultivation involves sowing 1.5 baskets of seeds per acre. The total cost per acre, including seed expenses, labour, fertilizer, and pesticides, amounts to over Ks-200,000. The yield is over 50 baskets per acre.

To ensure the success of peanut cultivation in Homalin District — including preventing pest infestations and maintaining weed-free fields — staff from the township Department of Agriculture have conducted field inspections and recorded monitoring data from the fields.

**SK**

# Shwebo Township completes harvest of more than 2,000 acres of onions



SHWEBO May 18

According to records from the Shwebo Township Agriculture Department, the onion harvest from 2,345 acres of farmland planted during the winter cropping season has been completed in Shwebo Township, Sagaing Region.

During the winter cropping period, up to 2,345 acres of onions were cultivated in Shwebo Township. The harvesting of these onion fields began in January of this year, and as of today, 100 percent of the acreage has been harvested. The average yield per acre was recorded at 4,478.93 baskets.

"The winter cropping season in Shwebo Township saw the cultivation of 2,345 acres of onions. As of now, the entire acreage has been fully harvested. The onion farming process followed the usual practices, and efforts were made to connect farmers with good market opportunities," said U San Oo, the head of the Shwebo Township Agriculture Department.

The township's agriculture department has assisted onion farmers by facilitating market connections for better prices, providing technical guidance on storage to prolong shelf life, promoting Good Agricultural Practices (GAP) methods, and ensuring high-quality onion production.

Onion farmers in the region reportedly earn around Ks-1.8 million per acre, with an average yield of 5,000 baskets per acre.

In Sagaing Region, onions are widely cultivated, with the major onion-producing townships being Monywa, Yinmabin, ChaungU, Shwebo, and Myaung.

**SK**

# Farmers harvest black gram plantations in Kalewa Township

KALEWA May 18

All sown acreage of black gram has been harvested in Kalewa Township of Sagaing Region, according to the township agriculture department.

In Kalewa Township, during this year's winter crop season, a total of 1,919 acres of black gram were successfully cultivated. Harvesting of these crops began in January this year, and as of today, 100 percent of the cultivated acres have been harvested, with an average yield of 21.05 baskets per acre.

U Myo Naing, Head of Kalewa Township Agriculture Department, stated:

"In Kalewa Township, a total of 1,919 acres of black gram have been cultivated during the winter crop season. At present, all the cultivated fields have been fully harvested. The actual cultivation exceeded the initially estimated acreage. During the black gram cultivation season, necessary technologies, quality seeds, and pest and disease prevention methods were also provided and implemented on the ground."

Reportedly, the Kalewa Township Agriculture Department has provided knowledge and support to black gram farmers on choosing suitable and quality seed varieties for the region, proper cultivation methods, pest and disease prevention, systematic use of fertilizers, and ways to improve yields.

Furthermore, during this year's winter crop season, for the cultivation of various types of pulses, the respective township agriculture departments collaborated with farmers to supply quality and pure seeds, inputs, and post-harvest technologies to enhance both yield and quality of the pulse crops.

**SMK**

# More than 40,000 acres of sunflower reaped in Kalay Township

KALAY May 18

Local farmers have harvested a total of 48,467 acres of sunflower planted last cold season in Kalay Township of Sagaing Region, according to Kalay Township Agriculture Department.

In Kalay Township, a total of 48,467 acres of sunflowers were cultivated during the winter cropping season. Harvesting of these sunflower fields began in January of this year and continued until today, with 100 per cent of the fields now fully harvested. It is reported that the yield was 28.54 baskets per acre.

U Naing Htun Win, Head of the Kalay Township Department of Agriculture, stated, "During the winter cropping season in Kalay Township, sunflowers were cultivated on 48,467 acres. At present, all of these cultivated fields have been fully harvested. To reduce dependence on imported palm oil, sunflower—an oil crop—is being increasingly promoted. Among the oil crops, sunflower produces more oil per acre than others like peanuts and sesame. It is grown only in the winter season."

To support the expansion of sunflower cultivation in Kalay Township, the township department of agriculture has actively conducted training sessions to raise awareness and build capacity among staff and farmers. These efforts aim to improve skills and knowledge related to sunflower farming.

Moreover, in Kalay Township, measures have been taken to support sunflower farmers by providing quality seeds, selling fertilizers (like urea) at affordable prices, and distributing improved sunflower varieties through farmer-to-farmer seed exchange systems.

**SMK**

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Cultivation of summer sesame completed on more than 28,000 acres of croplands in Shwebo District

SHWEBO May 18

According to the statistics of Shwebo District Agriculture Department, local farmers have completed cultivation of 28,143 acres of summer sesame in Shwebo District of Sagaing Region.

Local authorities earmarked cultivation of 71,717 acres of summer sesame in the district but farmers planted 28,143 acres of summer sesame this year.

For this year's summer crop season, Shwebo District has planned to cultivate over 70,000 acres of summer sesame. As of now, over 28,000 acres have already been cultivated. Efforts are underway to ensure the target acreage is fully achieved. Additionally, support is being provided to expand the cultivation area, improve crop yields, and encourage farming practices using GAP (Good Agricultural Practices) methods, according to Assistant Director Daw Zar Zar Min from the Shwebo District Department of Agriculture.

In terms of summer sesame cultivation progress by township within Shwebo District, Shwebo Township grew 145 acres of summer sesame, KhinU Township 250 acres, and Wetlet Township 27,748 acres, totalling 28,143 acres.

For the 2024-2025 summer cropping season, local authorities of Shwebo Township earmarked cultivation of 18,121 acres of sesame, KhinU Township 3,318 acres, and Wetlet Township 50,278 acres, totalling 71,717 acres.

This year, relevant township agriculture departments are educating farmers on methods to expand sesame cultivation, adopt effective farming systems, use GAP techniques, plant high-quality and pure seeds, and grow high-yield sesame varieties.

Crops grown using GAP methods are of higher quality than those grown using conventional methods. They command better prices, and are eligible not only for domestic markets but also for export. As a result, farmers adopting GAP practices are expected to benefit economically and improve their socio-economic status.

**SMK**

# All sown acreage of peanut harvested in Taze Township

TAZE May 18

Statistics of YeU District Agriculture Department showed that all sown acreage of peanuts has been harvested in Taze Township of Sagaing Region.

In Taze Township, a total of 33,531 acres of peanuts were cultivated during the winter cropping season. Harvesting of the peanut fields began in January this year and has continued until today, with 100 percent of the fields now fully harvested. It is reported that the yield was 62.25 baskets per acre.

U Zaw Myint Tun, Head of Township Agriculture Department stated, "In Taze Township, peanuts were cultivated on 33,531 acres. At present, all cultivated areas have been completely harvested. The peanut farming this year has been successful. As an oil crop, peanuts are performing well. Peanut cultivation is showing year-on-year improvement."

In Taze Township, one and a half baskets of seeds are needed per acre for peanut cultivation. The cost per acre, including seed, labour, fertilizers, and pesticides, exceeds Ks-200,000. On average, over 50 baskets per acre are being harvested.

**SMK**

# Summer paddy planted on more than 1,500 acres of farmlands in Myinmu Township

MYINMU May 18

Statistics of Sagaing District Agriculture Department stated that local farmers in Myinmu Township of Sagaing Region planted 1,528 acres of summer paddy this summer.

Local authorities earmarked 1,950 acres of summer paddy in the township but farmers planted 1,528 acres of summer paddy in 2024-2025 season.

Summer paddy cultivation target was set at 1,950 acres, out of which 1,528 acres have already been cultivated. Efforts are being made to reach the full target acreage.

Daw Thida Lwin, Head of the Sagaing District Department of Agriculture, said: "Farmers cultivating summer paddy are being provided with agricultural techniques, pest prevention education, guidance on minimizing crop loss, and information on timely harvesting and proper post-harvest storage."

In Myinmu Township, to increase the yield per acre and achieve target production levels, quality and pure seeds are being distributed, educational pamphlets are being handed out, farmer training sessions and knowledge-sharing discussions are being conducted, and necessary inputs are being supplied in a timely manner.

Senior farmers are being encouraged to follow the guidelines issued by the Department of Agriculture for timely planting of summer paddy and other crops after harvesting the monsoon crops. These guidelines include pest and disease prevention measures, soil nutrient management practices, and advance preparation of quality seed varieties in coordination with the Department of Agriculture.

**SK**

# Trump to speak with Putin, Zelensky on Monday



WASHINGTON May 18

U.S. President Donald Trump said on Saturday that he will speak separately with Russian President Vladimir Putin and Ukrainian President Volodymyr Zelensky on Monday to push for a ceasefire deal between the two countries.

"I will be speaking, by telephone, to President Vladimir Putin of Russia on Monday, at 10:00 a.m.," Trump said in a post on Truth Social, adding that the subjects of the call will be stopping the "bloodbath" that is killing, on average, more than 5,000 Russian and Ukrainian soldiers a week, and trade.

Trump said he will "then be speaking to President Zelensky of Ukraine and then, with President Zelensky, various members of NATO."

"Hopefully it will be a productive day" and "a ceasefire will take place," he said.

Concluding their meeting in Türkiye's Istanbul on Friday, delegations of Russia and Ukraine agreed to hold a new round of negotiations and have a large-scale prisoner exchange. As a key outcome of the two-hour talks, the two sides agreed to a prisoner exchange involving 1,000 people from each side.

**Xinhua**

# Houthis claim new attack on Ben Gurion Airport in Israel using ballistic missiles

MOSCOW May 18

Yemen's Ansar Allah movement, also known as the Houthis, said on Sunday that it had attacked Israel's Ben Gurion Airport using two ballistic missiles.

"The missile force of Yemeni Armed Forces carried out a qualitative military operation targeting Lod Airport, Israel named 'Ben Gurion' Airport, in the occupied area of Yaffa, using two ballistic missiles, one of which was a hypersonic Palestine 2 missile and the other a 'Zulfiqar' missile," the movement said in a statement.

The operation successfully achieved its goal as the air traffic at the Ben Gurion Airport was disrupted for an hour, the movement said.

**Sputnik**

# Israeli Army announces launch of large-scale ground operations in Gaza Strip



TEL AVIV May 18

The Israel Defence Forces (IDF) announced on Sunday the launch of large-scale ground operations in the Gaza Strip as part of Operation "Gideon's Chariots" aimed at defeating Palestinian movement Hamas.

"Over the past day, IDF troops under the Southern Command — including both active duty and reservists have begun extensive ground operations throughout the northern and southern Gaza Strip as part of 'Gideon's Chariots'," the IDF said in a statement.

On the night of March 18, the Israel Defence Forces resumed strikes on the Gaza Strip. Israeli Prime Minister Benjamin Netanyahu said the attacks continued because the Palestinian movement Hamas had refused to accept a US plan to extend the ceasefire and free the hostages.

**Sputnik**

# 17 killed in massive fire in India's Hyderabad




NEW DELHI May 18

At least 17 people were killed and many others injured Sunday after a massive fire broke out in a building in the southern Indian city of Hyderabad, officials said.

The fire broke out in the morning inside a residential building in Gulzar House near the iconic Charminar area of the city.

"The fire broke out around 6:00 a.m., and by 6:16 a.m., the fire department was present at the spot. They tried to save people trapped inside, but the fire had engulfed the entire building," local government minister Ponnam Prabhakar told media.

Officials said most of the victims were killed in their sleep and the efforts to douse the fire are underway.

Preliminary investigations carried out by the police suggest that a short circuit might have caused the fire.

Indian Prime Minister Narendra Modi has expressed grief over the loss of lives in the fire incident and announced monetary compensation for the victims.

**Xinhua**

# Leo XIV officially inaugurated as 267th pope

ROME May 18

Leo XIV was officially inaugurated as the pontiff of the Roman Catholic Church on Saturday.

On May 8, Cardinal Robert Francis Prevost of the United States was elected the 267th pope of the Roman Catholic Church during the papal conclave. He has taken the papal name Leo XIV.

His predecessor, Pope Francis, passed away on April 21.

**Xinhua**

# Mexican Navy ship crashes into Brooklyn Bridge

NEW YORK CITY May 18

Two sailors were killed and many others injured when a Mexican Navy training ship collided with the Brooklyn Bridge on Saturday night.

The vessel lost power and drifted into the bridge during its departure from New York, according to officials.

Videos from the scene show the ARM Cuauhtemoc's three tall, illuminated masts crashing into the underside of the bridge's road deck and toppling onto the ship. Multiple crew members were stationed on the masts at the time of the impact, the New York Post reported, citing fire officials and unnamed sources. The outlet also said rescuers were seen pulling people from the water.

The ARM Cuauhtemoc was carrying 277 crew members when the incident occurred. New York City Mayor Eric Adams told reporters that at least 19 people were injured, including four in critical condition.

"The status of the personnel and material is under review by naval and local authorities, who are providing support," the Mexican Navy said in a statement on X.

According to the Latin Times, the crew may have miscalculated the height of the ship's 171-foot masts in relation to the bridge's 127-foot clearance at high tide.

Despite the dramatic crash, officials have found no major structural damage to the bridge. Fabien Levy, a spokesman for Mayor Adams, said there appeared to be "no signs of structural damage."

The Cuauhtemoc had been in New York on a goodwill visit ahead of an international parade of tall ships next year in New York Harbor to mark the 250th Anniversary of US independence.

**RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 26 can, could and (be) able to

### D could and was able to

We use **could** for general ability and with **see, hear** etc. :

- My grandfather **could speak** five languages.
- **I could see** them, but not very clearly.

But to say that somebody succeeded in doing something in a specific situation, we normally use **was/were able to** or **managed to** (not **could**):

- The fire spread quickly, but everybody **was able to escape.** (not could escape)
- I didn't know where Max was, but I **managed to find** him in the end. (not could find)

Compare:

- Jack was an excellent tennis player when he was younger. He **could beat** anybody. (= he was good enough to beat anybody, he had the ability)

but Jack and Andy played a match yesterday. Andy played well, but Jack **managed to beat** him. (= he succeeded in beating him this time)

The negative **couldn't (could not)** is possible in all situations:

- My grandfather **couldn't swim.**
- I looked for Max everywhere, but I **couldn't find** him.
- Andy played well, but he **couldn't beat** Jack.

## Exercises

**26.1 Complete the sentences using can or (be) able to. If can is not possible, use (be) able to.**

1 Gary has travelled a lot. He _ _can_ _speak five languages.
2 I haven't _ _been able to_ _ sleep very well recently.
3 Nicole ------------------------------------------- -----------------------------------------drive, but she doesn't have a car.
4 I used to ---------------------------------------------------------------------------------------stand on my head, but I can't do it any more.
5 I can't understand Mark. I've never ---------------------------------------------------------------------------------- understand him.
6 I can't see you on Friday, but I ------------------------------------------------------------------------------------- meet you on Saturday morning.
7 Ask Katherine about your problem. She might --------------------------------------------------------------------- help you.
8 You have to be careful in this part of the city. It ------------------------------------------------------------------- be dangerous.
9 Michael has lived in Italy a long time, so he should ------------------------------------------------------------------ speak Italian.

**26.2 Write sentences about yourself using the ideas in brackets.**

1 (something you used to be able to do)
_ _ _I used to be able to sing well._ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _
2 (something you used to be able to do)
I used _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _
3 (something you would like to be able to do)
I'd _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _
4 (something you have never been able to do)
I've _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

**Raymond Murphy**

# အာရှဒေသမှာ ထပ်မံမြင့်တက်လာတဲ့ ကိုဗစ်-၁၉ ရောဂါ စိုးရိမ်စရာလိုနေပြီလား



ဒီနှစ်အစောပိုင်းမှာ အာရှဒေသမှာရှိတဲ့ နိုင်ငံနဲ့ဒေသတော်တော်များများ အထူးသဖြင့် အရှေ့တောင်အာရှဒေသရှိ နိုင်ငံအများအပြားမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာနေတာကိုတွေ့ရပါတယ်။ အာရှမှာဆိုရင် တရုတ်နိုင်ငံနဲ့ဟောင်ကောင်ဒေသ၊ အရှေ့တောင်အာရှမှာဆိုရင် စင်ကာပူနဲ့ ထိုင်းနိုင်ငံတို့မှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုတွေပြန်လည်မြင့်တက်လာနေတာပါ။ ဒါကြောင့် ဒီရောဂါကပ်ဘေးဆိုးကြီးက ကျွန်တော်တို့ကို တစ်ဖန်ပြန်လည်ခြောက်လှန့်လာဦးမှာလားလို့ တွေးစရာရှိနေပါတယ်။

ဒီလိုထင်မယ်ဆိုရင်လည်း ထင်စရာရှိနေပါတယ်။ ဘာကြောင့်လဲဆိုရင် လက်ရှိရရှိထားတဲ့အချက်အလက်တွေကိုကြည့်ပါက ကိုဗစ်-၁၉ ရောဂါဟာ တော်တော်လေးကို တက်ကြွစွာရှင်သန်နေဆဲပဲဆိုတာကိုတွေ့ရပါတယ်။ ဒီရောဂါကြီးက ငြိမ်သွားပြီလို့ လူတွေစိတ်ထဲမှာထင်မြင်နေတဲ့အချိန်၊ ကူးစက်မှုနှုန်းတွေကျဆင်းသွားတဲ့အချိန်မှာတောင်မှ ဒီရောဂါက ရှင်သန်နေတာကိုတွေ့ရတာပါ။

လက်ရှိ ဟောင်ကောင်နဲ့စင်ကာပူမြို့ကြီးတွေမှာဆိုရင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုသိသိသာသာမြင့်တက်လာတာနဲ့ပတ်သက်ပြီး ကျန်းမာရေးတာဝန်ရှိသူတွေက သတိပေးချက်တွေထုတ်ပြန်ထားရပါတယ်။ အလားတူပဲ တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့မှာဆိုရင်လည်း ရောဂါကူးစက်ပျံ့နှံ့မှုကိုထိန်းချုပ်တဲ့အနေနဲ့ ပြည်သူတွေကိုထပ်ဆောင်းကာကွယ်ဆေးတွေထိုးဖို့အတွက် တိုက်တွန်းနိုးဆော်မှုတွေလုပ်နေရပါတယ်။

ဟောင်ကောင်မှာဆိုရင် တစ်နှစ်ကျော်ကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုက အမြင့်ဆုံးကိုရောက်ရှိလာတယ်လို့ ကျန်းမာရေးဌာနရဲ့ကူးစက်ရောဂါဌာနမှူးကပြောထားပါတယ်။ ဒီလအစောပိုင်း ပထမရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဟာ ၃၁ ဦးရှိပြီး ရောဂါဖြစ်ပွားမှုကလည်း ပြင်းထန်တယ်လို့ဆိုပါတယ်။ ဒီအတွက် ကျန်းမာရေးတာဝန်ရှိသူများက ရောဂါကူးစက်ပြန့်ပွားမှုအခြေအနေနဲ့ပတ်သက်ပြီး ခြေရာခံမှုတွေလုပ်တဲ့အခါ အဲဒီရောဂါပိုးက လူကြားထဲမှာ တော်တော်လေးပျံ့နှံ့နေတာကိုတွေ့ရှိရတယ်လို့ဆိုပါတယ်။ အဆိုးဆုံးကတော့ ဟောင်ကောင်နာမည်ကြီး အဆိုတော်တစ်ဦးဖြစ်တဲ့ အီဆန်ချန်းက ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်းပါပဲ။ ဒီအတွက် ပြည်သူတွေက ရောဂါပြန်လည်ဖြစ်ပွားမှုကိုသတိပြုမိလာတာဖြစ်ပါတယ်။

ထို့အတူ စင်ကာပူနိုင်ငံမှာဆိုရင်လည်း ဒီလအစောပိုင်းရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုက ၂၈ ရာခိုင်နှုန်းအထိမြင့်တက်လာတယ်လို့ စင်ကာပူကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားပါတယ်။ သူတို့ထုတ်ပြန်တဲ့ရာခိုင်နှုန်းအရဆိုရင် ရောဂါကူးစက်ခံရသူအရေအတွက်က ၁၄,၂၀၀ အထိရှိတယ်လို့ဆိုပါတယ်။ အဲဒီကာလအတွင်းမှာပဲ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအတွက် သီးသန့်ထားရှိတဲ့ ဆေးရုံတွေမှာ တက်ရောက်ဆေးကုသမှုခံယူရသူအရေအတွက်က ၃၀ ရာခိုင်နှုန်းအထိ မြင့်တက်လာတယ်လို့သိရပါတယ်။

အခုလိုမျိုး ကိုဗစ်-၁၉ ရောဂါကူးစက်မှုတွေပြန်လည်မြင့်တက်လာရခြင်းဟာ ရောဂါပိုးအနေနဲ့ ပိုမိုပြင်းထန်လာခြင်းကြောင့်မဟုတ်ဘဲ ပြည်သူတွေမှာသာ အဲဒီရောဂါကိုတိုက်ထုတ်နိုင်တဲ့ကိုယ်ခံအားကျဆင်းလာခြင်းကြောင့်သာဖြစ်တယ်လို့ ကျန်းမာရေးတာဝန်ရှိသူများကပြောထားပါတယ်။ ဒါ့အပြင် လက်ရှိကိုဗစ်-၁၉ ရောဂါမျိုးကွဲကလည်း အရင်ကထက်ပိုမိုပြင်းထန်လာတဲ့အထောက်အထားတွေ မရှိဘူးလို့ ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုထုတ်ပြန်ထားပါတယ်။ ဒါပေမဲ့ သက်ကြီးရွယ်အိုတွေ၊ ကိုယ်ခံအားနည်းသူတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါအတွက် ထပ်ဆောင်းကာကွယ်ဆေးတွေထိုးကြဖို့ တာဝန်ရှိသူများက တိုက်တွန်းထားတာတွေ့ရပါတယ်။

အလားတူ တရုတ်နိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါပြန်လည်ဖြစ်ပွားမှုက မြင့်တက်လာနေတယ်လို့ တရုတ်နိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဌာနက ဆိုပါတယ်။ ပြီးခဲ့တဲ့လနဲ့ဒီလအစောပိုင်းအတွင်း ဆေးရုံတွေမှာတွေ့ရှိရတဲ့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူအရေအတွက်က နှစ်ဆမြင့်တက်လာတယ်လို့ ထုတ်ပြန်ထားပါတယ်။ ဒါကြောင့် အခုလိုမျိုး ရောဂါဖြစ်ပွားမှုနှုန်းမြင့်တက်လာခြင်းဟာ ပြီးခဲ့တဲ့နှစ်နွေရာသီမှာဖြစ်ပွားတဲ့ ရောဂါကူးစက်ပျံ့နှံ့မှုအခြေအနေအတိုင်းဖြစ်လာနိုင်တယ်လို့ ကျန်းမာရေးတာဝန်ရှိသူများက သတိပေးစကားပြောထားပါတယ်။

တစ်ချိန်တည်းမှာပဲ ထိုင်းနိုင်ငံကလည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမြင့်တက်လာခြင်းနဲ့ရင်ဆိုင်နေရတာပါ။ အထူးသဖြင့် ဧပြီလတုန်းကကျင်းပခဲ့တဲ့ ရိုးရာနှစ်သစ်ကူးပွဲတော်အပြီးမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကပြန်လည်မြင့်တက်လာတာပါ။ အဲဒီကာလအတွင်း လူစုလူဝေးများပြားခြင်းက ရောဂါပိုးကူးစက်ပျံ့နှံ့ဖို့အားပေးရာရောက်စေခဲ့တာဖြစ်တယ်လို့ ရောဂါထိန်းချုပ်ရေးဌာနက ထုတ်ပြန်ထားပါတယ်။ ဒါ့အပြင် ဇန်နဝါရီလ ၁ ရက်ကနေ မေလ ၁၄ ရက်အထိရရှိတဲ့စာရင်းတွေအရ နိုင်ငံတစ်ဝန်းမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ၇၁၀၆၇ ဦးနဲ့ အဲဒီရောဂါကြောင့် သေဆုံးသူ ၁၉ ဦးရှိတယ်လို့ အစိုးရရဲ့ကိုဗစ်-၁၉ ရောဂါသတင်းထုတ်ပြန်ရေးဌာနက ပြောပါတယ်။ လက်ရှိမှာတော့ ပြည်သူတွေအနေနဲ့ ကာကွယ်ဆေးမထိုးရသေးဘူးဆိုရင် ကာကွယ်ဆေးထိုးဖို့နဲ့ ကာကွယ်ဆေးထိုးပြီးသူဆိုရင်လည်း ထပ်ဆောင်းကာကွယ်ဆေးထိုးဖို့ကို တာဝန်ရှိသူများကတိုက်တွန်းထားပါတယ်။

ထိုင်းနိုင်ငံမှာကူးစက်ပျံ့နှံ့နေတဲ့ ကိုဗစ်-၁၉ ရောဂါပိုးက အိုမီခရွန် XEC မျိုးကွဲဖြစ်တယ်လို့ဆိုပါတယ်။ သူက KS.1.1 နဲ့ KP.3.3 ဆိုတဲ့မျိုးကွဲတွေနဲ့ဖွဲ့စည်းဖြစ်တည်နေတာဖြစ်ပြီး ကူးစက်ပျံ့နှံ့မှုကိုအလွန်အမင်းမြန်ဆန်စေတဲ့ သန္ဓေပြောင်းမျိုးစိတ်အမျိုးမျိုးကိုသယ်ဆောင်ထားတာဖြစ်ပါတယ်။ လက်ရှိမှာဆိုရင် အဲဒီရောဂါပိုးမျိုးကွဲက ဥရောပ၊ မြောက်အမေရိကနဲ့ အာရှဒေသတို့ရှိ နိုင်ငံပေါင်း ၁၅ နိုင်ငံမှာ ပျံ့နှံ့နေတာကိုတွေ့ရှိလာရပါတယ်။ သူ့ရဲ့ကူးစက်ပျံ့နှံ့မှုနှုန်းကတော့ အခြားသော အိုမီခရွန်မျိုးကွဲတွေထက် ၈၄ ဆမှသည် အဆ ၁၁၀ အထိရှိတယ်လို့ ထိုင်းတာဝန်ရှိသူတွေကထုတ်ပြန်ထားပါတယ်။

အခု အာရှဒေသရှိနိုင်ငံနဲ့ဒေသတွေမှာ ပြန်လည်ဖြစ်ပွားလာနေတဲ့ ကိုဗစ်-၁၉ ရောဂါတွေက နွေရာသီကာလတွေမှာ ပိုမိုပျံ့နှံ့လာနေတာတွေ့ရပါတယ်။ အရင်

ထက်မြတ်

တုန်းက ကိုဗစ်ရောဂါဆိုတာ သာမန်တုပ်ကွေးရောဂါလိုပဲဖြစ်သွားလိမ့်မယ်လို့ ယူဆထားခဲ့ကြတာပါ။ တုပ်ကွေးရောဂါတွေက မိုးရာသီမှာအဖြစ်များပြီး နွေရာသီမှာ ပျောက်သွားလေ့ရှိပါတယ်။ ဒါပေမဲ့ အခု ကိုဗစ်-၁၉ ရောဂါကျတော့ အဲဒီလိုမျိုး ဖြစ်မလာပါဘူး။ နွေရာသီမှာသာ ပိုပြီး ကူးစက်ပျံ့နှံ့လာနေတာတွေ့ရပါတယ်။

လက်ရှိအချိန်မှာ ကိုဗစ်-၁၉ ရောဂါပြန်လည်ဖြစ်ပွားနေတာကတော့ အသေအချာပါပဲ။ ဒါကြောင့်လည်း ကျန်းမာရေးတာဝန်ရှိသူများက ပြည်သူတွေအနေနဲ့ ထပ်ဆောင်းကာကွယ်ဆေးတွေထိုးဖို့ တိုက်တွန်းလာနေတာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း အစိုးရအဖွဲ့အချင်းချင်းက တစ်ဦးကရတဲ့ အချက်အလက်တွေကို တခြားသူတွေဆီပြန်လည်မျှဝေပြီး ဒီကပ်ဆိုးကြီးကိုထိန်းချုပ်နိုင်ဖို့လုပ်ဆောင်နေကြတာတွေ့ရပါတယ်။

ဒါကြောင့် သေချာတာတစ်ခုကတော့ ကျွန်တော်တို့ကမ္ဘာကြီးမှာ ကိုဗစ်-၁၉ ရောဂါကြီးက အရှင်းပျောက်မသွားသေးပါဘူး။ ကိုဗစ်-၁၉ ရောဂါက ၂၀၂၀ ပြည့်နှစ်မှာစတင်ပေါ်ပေါက်လာပြီး ပြည်သူတွေကိုဒုက္ခမျိုးစုံပေးခဲ့ပြီးသည့် တိုင်အောင် အခုချိန်ထိလည်း လူတွေကို သံသယတွေနဲ့ အတူ ဒုက္ခပေးနေဆဲဖြစ်တယ်လို့ဆိုရမှာပါ။

ဒီအတွက်ကြောင့် ကျွန်တော်တို့တစ်တွေအနေနဲ့ တစ်ကျော့ပြန် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလာမှုနဲ့ပတ်သက်ပြီး စိုးရိမ်ရမှာလားလို့မေးလာရင် ကိုယ်ကကာကွယ်ဆေးထိုးထားပြီးသားဆိုရင်လည်း ထပ်ဆောင်းကာကွယ်ဆေးကိုထိုးဖို့၊ မထိုးရသေးဘူးဆိုရင်လည်း ကာကွယ်ဆေးကို အမြန်ဆုံးထိုးဖို့လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် လူစုလူဝေးနေရာတွေကိုရှောင်ရှားခြင်း၊ လက်ကိုဆပ်ပြာဖြင့်မကြာခဏဆေးခြင်း၊ လူများတဲ့နေရာတွေကိုသွားမယ်ဆိုရင် နှာခေါင်းစည်းကိုတပ်သွားခြင်းတို့ဖြင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကိုဆောင်ရွက်မယ်ဆိုရင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို အတိုင်းအတာတစ်ခုအထိကာကွယ်နိုင်မယ်ဆိုတဲ့အကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

Ref: ET, NT



## ဗီယက်နမ်မြောက်ပိုင်း၌ ရေကြီးပြီး မြေပြိုမှုများကြောင့် လူလေးဦးသေဆုံး

**ဟန္နွိုင်း၊ သဘာဝဘေး**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းရှိဘက်ကန်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းသည့်အတွက် ရေကြီးမှုများနှင့်မြေပြိုမှုများဖြစ်ပွားခြင်းကြောင့် လူလေးဦးသေဆုံးကာ သုံးဦးဒဏ်ရာရရှိထားကြောင်း ဗီယက်နမ်သတင်းဌာနတစ်ခုက မေလ ၁၈ ရက်တွင် ဖော်ပြထားသည်။

သေဆုံးသူလေးဦးအနက် နှစ်ဦးသည် ရုတ်တရက်ရေကြီးမှုတွင်လည်းကောင်း၊ ကျန်နှစ်ဦးသည် မြေပြိုမှုများကြောင့်မြေကြီးအောက်တွင်ပိ၍ကြောင့်လည်းကောင်း သေဆုံးသွားခြင်းဖြစ်သည်ဟု တာဝန်ရှိသူများကပြောသည်။

ထို့ပြင် အဆိုပါသဘာဝဘေးကြောင့် ကောက်ပဲသီးနှံဟက်တာရာပေါင်းများစွာ ပျက်စီးရသည့်အပြင် ဒေသတွင်းရှိအခြေခံအဆောက်အဦများစွာမှာလည်း ဖျက်ဆီးခံလိုက်ရကြောင်း တာဝန်ရှိသူများက ဆက်ပြောသည်။

မေလ ၁၈ ရက်ညနေပိုင်းအထိ နိုင်ငံမြောက်ပိုင်းရှိတောင်ပေါ်ဒေသ၌ မိုးသည်းထန်စွာဆက်လက်ရွာသွန်းလျက်ရှိရာ မြစ်များ၊ ချောင်းများတွင်ရေကြီးမှုများဖြစ်ပွားနိုင်ကြောင်းနှင့် လူနေအိမ်များအပေါ်မြေပြိုကျမှုများဖြစ်ပွားနိုင်ကြောင်း တာဝန်ရှိသူများကသတိပေးထားသည်။ **Ref: Xinhua**

# ယူကရိန်းပဋိပက္ခအဆုံးသတ်သွားပါက ဥရောပတွင် လက်နက်မှောင်ခိုမှုများနှင့်ဒုစရိုက်မှုများပေါ်များလာမည်

**ဘန်း၊ စစ်ရေး**

ယူကရိန်းပဋိပက္ခအဆုံးသတ်သွားပါက ဥရောပအနေဖြင့် လက်နက်မှောင်ခိုမှုများအပြင် ဒုစရိုက်မှုမျိုးစုံကိုရင်ဆိုင်ရမည်ဖြစ်ကြောင်း ဦးဆောင်တတ်သိပညာရှင်များအဖွဲ့က သတိပေးချက်ထုတ်ပြန်ထားသည်။

ယူကရိန်း၌ကျန်ရစ်ခဲ့မည့် များပြားလှစွာသောစစ်လက်နက်ပစ္စည်းများကြောင့် လက်နက်ကြီးများအပါအဝင် လက်နက်အမျိုးမျိုးအတွက် မှောင်ခိုဈေးကွက်ကြီးကိုပေါ်ပေါက်လာစေနိုင်ကြောင်း Global Initiative Against Transnational Organized Crime (GI–TOC) အဖွဲ့က ထုတ်ပြန်ထားသည်။

အသေးစားမှောင်ခိုလုပ်မှုအနေဖြင့် ပစ္စတိုများ၊ ချေမှုန်းရေးရိုင်ဖယ်များနှင့် လက်ပစ်ဗုံးများသည် ဥရောပသို့ဝင်ရောက်လာနိုင်ကြောင်း၊ အကြီးစားအနေဖြင့်မူ ဒုံးပစ်လောင်ချာများ၊ ပခုံးထမ်းဒုံးများ၊ စက်သေနတ်ကြီးများနှင့် ချေမှုန်းရေးရိုင်ဖယ်အများအပြားကို ကွန်တိန်နာများဖြင့်ပင်တင်၍ ပဋိပက္ခများဖြစ်ပွားရာ အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် လက်တင်အမေရိကတို့သို့ပင် တင်ပို့လာနိုင်ကြောင်း ထိုတတ်သိပညာရှင်များအဖွဲ့၏သတိပေးချက်တွင် ဖော်ပြထားသည်။

အလားတူ လက်နက်များကို မှောင်ခိုလုပ်ခြင်းအပြင် ယူကရိန်းပဋိပက္ခ၌ပါဝင်တိုက်ခိုက်ခဲ့သည့် ပြည်ပတိုက်ခိုက်ရေးသမားများ၊ ဆိုက်ဘာကျွမ်းကျင်သူများသည် ဒုစရိုက်သမားများ၏လက်အောက်သို့ရောက်ရှိသွားနိုင်ပြီး "ဒရုန်း၊ မူးယစ်ဆေး၊ ဒုစရိုက်သမား" ဆိုသည့်ပုံစံမျိုးဖြင့် ထွက်ပေါ်လာနိုင်ကြောင်း သတိပေးချက်တွင်ဆက်လက်ဖော်ပြထားသည်။

ယူကရိန်းပဋိပက္ခသည် နောက်ဆုံးတွင် ဒုစရိုက်သမားများ၊ လက်နက်မှောင်ခိုကူးသူများအတွက် နိဗ္ဗာန်ဘုံတစ်ခုသဖွယ်ဖြစ်လာနိုင်ကာ ထိုပဋိပက္ခမှအကျိုးအမြတ်ရရှိသွားနိုင်ကြောင်း ရုရှားက ကြိုတင်သတိပေးထားပြီးဖြစ်သည်။ **Ref: Sputnik**



# အစ္စရေး၏တိုက်ခိုက်မှုကြောင့် တစ်ညအတွင်း လူ ၁၀၃ ဦးထပ်မံသေဆုံး

**ဂျေရုဆလင်၊ စစ်ရေး**

မေလ ၁၇ ရက်ညသန်းခေါင်ချိန်မှစ၍ မေလ ၁၈ ရက်အထိ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ဂါဇာဒေသအတွင်း နောက်ထပ်သေဆုံးသူ ၁၀၃ ဦးရှိလာကြောင်း ထိုဒေသရှိဆေးရုံများနှင့်ဆရာဝန်များက ပြောသည်။

ဂါဇာဒေသတောင်ပိုင်း ခန်းယူနစ်မြို့အတွင်းနှင့်ပတ်ဝန်းကျင်တွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် လူ ၄၈ ဦးကျော်သေဆုံးကြောင်း၊ ထိုတိုက်ခိုက်မှုသည် ရွှေ့ပြောင်းနေထိုင်သူများ ယာယီခိုနားရာအိမ်များနှင့်တဲများကိုထိမှန်ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများတွင် ကလေးငယ် ၁၈ ဦးနှင့် အမျိုးသမီး ၁၃ ဦးပါဝင်ကြောင်း နက်ဆာဆေးရုံကထုတ်ပြန်ထားသည်။



အစ္စရေးအစိုးရသည် ဟားမတ်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားပြီးနောက် ဂါဇာဒေသကိုသိမ်းပိုက်ရန်၊ ပါလက်စတိုင်းပြည်သူများကို ဂါဇာတောင်ပိုင်းသို့နှင်ထုတ်ရန်နှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများပေးပို့နေမှုအပေါ် လွှမ်းမိုးချုပ်ကိုင်ရန်တို့အတွက် စစ်ဆင်ရေးကြီးတစ်ရပ်ဆင်နွှဲနေကြောင်း ထုတ်ပြန်ထားသည်ဟုသိရသည်။ **Ref: SCMP**

# ဗြိတိန်အမျိုးသားတစ်ဦး ဧဝရက်တောင်ပေါ် အကြိမ်ရေအများဆုံးတက်သူဖြစ်လာ

**ခတ္တမန္ဒူ၊ ခရီးသွား**

ဗြိတိန်အမျိုးသားတစ်ဦးသည် ဧဝရက်တောင်ပေါ်သို့ ၁၉ ကြိမ်မြောက် တက်ရောက်ခြင်းဖြင့် ဒေသခံမဟုတ်ဘဲ အဆိုပါတောင်ပေါ်သို့ အကြိမ်ရေအများဆုံး တက်ရောက်သူဖြစ်လာပြီဖြစ်သည်။

အသက် ၅၁ နှစ်ရှိပြီဖြစ်သည့် ကန်တန်ကူးဆိုသူအမျိုးသားသည် ဧပြီလ ၁၈ ရက်နံနက်ပိုင်းတွင် အမြင့် ၈၈၄၉ မီတာရှိသည့် ဧဝရက်တောင်ထိပ်သို့တက်ရောက်ကာ ပြန်ဆင်းလာခြင်းဖြင့် ၎င်းကိုယ်တိုင်တင်ထားသည့်စံချိန်ကို ချိုးလိုက်နိုင်ခြင်းဖြစ်သည်။

ကန်တန်ကူး၏အတွေ့အကြုံရှိခြင်း၊ ဩဇာတိက္ကမရှိခြင်းနှင့် ခွန်အားရှိခြင်းတို့က ဧဝရက်တောင်တက်အသိုင်းအဝိုင်းအတွက် တန်ဖိုးကြီးလွန်းသောသူဖြစ်လာခြင်းဖြစ်ကြောင်း တောင်တက်ဝါသနာရှင်များအဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောထားသည်။

ကန်တန်ကူးအနေဖြင့် ၂၀၀၄ ခုနှစ်မှစ၍ ဧဝရက်တောင်ကိုတက်လာခြင်းဖြစ်ပြီး ယင်းနောက် နှစ်တိုင်းလိုလို ထိုတောင်ကိုတက်လာခြင်းဖြစ်သည်။ **Ref: TST**

## သတင်းတိုကဏ္ဍ

### မက္ကဆီကိုရေတပ်လေ့ကျင့်ရေးသင်္ဘောက နယူးယောက်ရှိဘရွတ်ကလင်းတံတားကိုဝင်တိုက်

မက္ကဆီကိုရေတပ်၏ လေ့ကျင့်ရေးသင်္ဘောတစ်စင်းက နယူးယောက်မြို့ရှိ ဘရွတ်ကလင်းတံတားကို ဝင်တိုက်မှုဖြစ်ပွားခြင်းကြောင့် လူနှစ်ဦးသေဆုံးပြီး ၁၇ ဦးဒဏ်ရာရရှိကြောင်းသိရသည်။

Cuauhtemoc အမည်ရှိ လေ့ကျင့်ရေးသင်္ဘောသည် မေလ ၁၇ ရက်ညပိုင်းတွင် ဘရွတ်ကလင်းတံတားကိုဝင်တိုက်မိခြင်းဖြစ်ပြီး သင်္ဘောတွင်လိုက်ပါလာသူ ၂၂ ဦး ဒဏ်ရာရရှိကြောင်းနှင့် နှစ်ဦးမှာအရေးပေါ်အခြေအနေတွင်ရှိနေကြောင်း နယူးယောက်မြို့တော်ဝန်က မေလ ၁၈ ရက်တွင်ပြောသည်။

ဘရွတ်ကလင်းတံတားကိုဝင်တိုက်မိသည့်သင်္ဘောသည် ရွက်သင်္ဘောအမျိုးအစားဖြစ်ပြီး တံတားကိုဝင်တိုက်မိပြီးနောက် ရွက်တိုင်များကျိုးပဲ့သွားသည်ကို အွန်လိုင်းတွင်တင်ထားသည့် ဗီဒီယိုများတွင်တွေ့ရသည်။ သို့သော် သင်္ဘောဝင်တိုက်မှုကြောင့် သက်တမ်း ၁၄၂ နှစ်ရှိပြီဖြစ်သည့် ဘရွတ်ကလင်းတံတားမှာ ကြီးကြီးမားမားပျက်စီးမှုမရှိကြောင်းနှင့်ထိုသို့ဝင်တိုက်မိရသည့်အကြောင်းရင်းကို စုံစမ်းနေကြောင်းသိရသည်။ **Ref: AGC**

### အနောက်အုပ်စု၏ရာဇသံများက ယူကရိန်းပဋိပက္ခဖြေရှင်းရေးအတွက် အသုံးမဝင်ဟုဆို

အနောက်အုပ်စု၏ရာဇသံများက ယူကရိန်းပဋိပက္ခဖြေရှင်းရေးအတွက်အသုံးမဝင်ကြောင်း ရုရှားသမ္မတဟောင်းဒီမီထရီမက်ဗီဒက်ကသတိပေးလိုက်သည်ဟုသိရသည်။ ဥရောပသမဂ္ဂနှင့်အမေရိကန်တို့က ရုရှားအပေါ် နောက်ထပ်ပိတ်ဆို့မှုများချမှတ်မည်ဟုခြိမ်းခြောက်ပြီးနောက် မက်ဗီဒက်က ယခုကဲ့သို့သတိပေးလာခြင်းဖြစ်သည်။

အစ္စတန်ဘူမြို့၌ ရုရှားနှင့်ယူကရိန်းတို့ကြား သုံးနှစ်အတွင်း ပထမဆုံးသောတိုက်ရိုက်ဆွေးနွေးမှုများလုပ်ဆောင်နေစဉ် ထိုဆွေးနွေးပွဲမှသဘောတူညီချက်များမရရှိခဲ့ပါက ရုရှားအပေါ် ပိတ်ဆို့မှုများချမှတ်မည်ဟု ထရမ့်ကပြောထားသည်။

အလားတူ ဥရောပသမဂ္ဂကလည်း ရုရှားအပေါ် ၁၇ ကြိမ်မြောက် ပိတ်ဆို့မှုများချမှတ်ရန်သဘောတူထားပြီး ထိုသို့ပိတ်ဆို့မှုချမှတ်ခြင်းကို လာမည့်သီတင်းပတ်တွင်အတည်ပြုဖွယ်ရှိသည်။ သို့သော် ငြိမ်းချမ်းရေးဆွေးနွေးမှုများလုပ်ရုံဖြင့် ပဋိပက္ခများချုပ်ငြိမ်းမှုဆီ မည်သည့်အခါမျှရောက်ရှိစေမည်မဟုတ်ကြောင်း မက်ဗီဒက်ကပြောထားသည်။ **Ref: RT**

### ဟိုက်ဒရာဘတ်မြို့ရှိ အဆောက်အအုံတစ်လုံး၌ မီးလောင်မှုကြီးဖြစ်ပွား လူ ၁၇ ဦးသေဆုံး

အိန္ဒိယနိုင်ငံတောင်ပိုင်း ဟိုက်ဒရာဘတ်မြို့ရှိ အဆောက်အအုံတစ်လုံး၌ မီးလောင်မှုကြီးတစ်ခုဖြစ်ပွားရာ အနည်းဆုံးလူ ၁၇ ဦးသေဆုံးကြောင်းနှင့် ဒဏ်ရာရရှိသူအများအပြားရှိကြောင်း တာဝန်ရှိသူများကပြောသည်။

မီးလောင်မှုသည် မေလ ၁၈ ရက်နံနက်ပိုင်းတွင် ဂူဇာအိမ်ရာဝင်းအတွင်းရှိ လူနေအိမ်တစ်လုံး၌ဖြစ်ပွားခြင်းဖြစ်ပြီး မီးလောင်မှုဖြစ်ပွားပြီးနောက် ၁၅ မိနစ်အတွင်း မီးသတ်တပ်ဖွဲ့ဝင်များရောက်ရှိလာသော်လည်း မီးက အဆောက်အအုံတစ်ခုလုံးကိုလောင်ကျွမ်းသွားခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့ဝန်ကြီးတစ်ဦးက ပြောသည်။

မီးလောင်မှုကြောင့်သေဆုံးသူအများစုသည် အိပ်ပျော်နေစဉ်သေဆုံးသွားခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကိုငြိမ်းသတ်ရန် မီးသတ်သမားများက ကြိုးပမ်းနေရဆဲဖြစ်ကြောင်း တာဝန်ရှိသူများကပြောထားသည်ဟုသိရသည်။

**Ref: Xinhua**

### အင်ဒိုနီးရှားနိုင်ငံ အနောက်ပါပူအာပြည်နယ်၌ ရေကြီးပြီး မြေပြိုမှုများဖြစ်ပွား

အင်ဒိုနီးရှားနိုင်ငံ အနောက်ပါပူအာပြည်နယ်၌ ရေကြီးပြီး မြေပြိုမှုများဖြစ်ပွားခြင်းကြောင့် လူတစ်ဦးသေဆုံးပြီး ၁၉ ဦးပျောက်ဆုံးကာ လေးဦးဒဏ်ရာရရှိထားကြောင်း ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင်တစ်ဦးက မေလ ၁၈ ရက်တွင်ပြောသည်။

ရေကြီးမှုနှင့်မြေပြိုမှုများကိုဖြစ်ပွားစေသည့် မိုးသည်းထန်စွာရွာသွန်းမှုသည် မေလ ၁၅ ရက်ညကတည်းကဖြစ်ပွားနေခြင်းဖြစ်ကြောင်း၊ သို့သော် ဆက်သွယ်ရေးခက်ခဲမှုကြောင့် ကယ်ဆယ်ရေးအဖွဲ့အနေဖြင့် ရက်အနည်းငယ်ကြာပြီးမှ ထိုသတင်းကိုရရှိခြင်းဖြစ်ကြောင်း ပြည်နယ်ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင်က ပြောသည်။

ထို့ပြင် နယ်မြေအတွင်းသွားလာရခက်ခဲမှု၊ ဆက်သွယ်ရေးပစ္စည်းများချို့တဲ့မှုတို့ကြောင့် ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများကိုအဟန့်အတားဖြစ်စေခြင်းဖြစ်ကြောင်း ၎င်းကဆက်ပြောထားသည်။ လက်ရှိတွင် ဒေသတွင်းကယ်ဆယ်ရေးအဖွဲ့ဝင်များဖြင့် ရှာဖွေကယ်ဆယ်ရေးများလုပ်နေကြောင်းသိရသည်။ **Ref: Xinhua**

# ယခုဘဏ္ဍာနှစ် ဧပြီလအတွင်း ပြည်ပသို့ ရေထွက်ကုန်ငါးမက်ထရစ်တန် သုံးသောင်းနီးပါးတင်ပို့နိုင်



ရန်ကုန် မေ ၁၈

ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီလအတွင်း ပြည်ပသို့ ငါးမက်ထရစ်တန် သုံးသောင်းနီးပါး တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

"ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ပြည်ပကို ငါးတင်ပို့မှုအနေနဲ့ မက်ထရစ်တန် ၂၉၈၇၂ ဒသမ ၁၈၃ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၄၆၇ သန်းရရှိခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါကာလအတွင်း ပြည်ပသို့ ပုံမှန်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၁၀၂၃၁ ဒသမ ၄၁၆ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆၇၃ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၁၉၆၄၀ ဒသမ ၇၆၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇၉၄ သန်း စုစုပေါင်း ငါးမက်ထရစ်တန် ၂၉၈၇၂ ဒသမ ၁၈၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၄၆၇ သန်းရရှိခဲ့သည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူက ပြည်ပသို့ ငါးတင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၂၇၂၅၁ ဒသမ ၈၈၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၅၅၃ သန်း ရရှိခဲ့သည်။

ထို့ကြောင့် ယခုဘဏ္ဍာနှစ် ဧပြီလအတွင်း ပြည်ပသို့ ငါးတင်ပို့မှုသည် ယခင်ဘဏ္ဍာနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက မက်ထရစ်တန် ၂၆၂၀ ဒသမ ၂၉၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၉၁၄ သန်း ပိုမိုရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့်ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။ **စောယု**

# ဘားအံမွေးမြူရေးဇုန်အတွင်း ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



ဘားအံ မေ ၁၈

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘားအံမွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ စွမ်းအားပြည့်လည်ပတ်နိုင်ရန် ရေရရှိရေးနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မေလ ၁၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နန်းအဲဖောင်အွာနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးလက်ရေရရှိရေးကော်မတီဝင်များနှင့်အတူ မွေးမြူရေးဇုန်အတွင်း 1.5HP DC/AC Tube Well Pump၊ 4.68KW ဆိုလာစနစ်တပ်ဆင်ခြင်းနှင့် ရေကန်ဟောင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးအရာရှိက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဘားအံမွေးမြူရေးဇုန်အတွင်း အဆိုပါရေရရှိရေးနှင့်ဆက်စပ်လုပ်ငန်းများကို ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုငွေ ငွေကျပ် ၁၇ ဒသမ ၆၈ သန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅ ခုနှစ် မတ်လ ၂၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် မွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးလုပ်ငန်းများ အခက်အခဲမရှိ စွမ်းအားပြည့်လည်ပတ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ဆက်လူ

# ရန်ကုန်-မန္တလေးအမြန်လမ်း၌ ယခုနှစ် ဧပြီလအတွင်း ယာဉ်မတော်တဆမှု ၁၃ မှုဖြစ်ပွားခဲ့

ရန်ကုန် မေ ၁၈

ရန်ကုန်-မန္တလေးအမြန်လမ်း၌ ယခုနှစ် ဧပြီလအတွင်း ယာဉ်မတော်တဆမှု ၁၃ မှုဖြစ်ပွားခဲ့ကြောင်း ရန်ကုန်-မန္တလေး အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

ယခုနှစ် ဧပြီလအတွင်း ရန်ကုန်-မန္တလေးအမြန်လမ်း၌ ယာဉ်မတော်တဆမှု ၁၃ မှုဖြစ်ပွားခဲ့ရာ ထိခိုက်ဒဏ်ရာရရှိသူ ၄၃ ဦးရှိပြီး သေဆုံးသူသုံးဦးရှိကာ ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၇၅၃၅၀၀၀၀ ရှိကြောင်း သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်း၌ ယာဉ်မတော်တဆမှုများဖြစ်ပွားရာတွင် လူကြောင့်၊ ယာဉ်ကြောင့်၊ လမ်းကြောင့်နှင့်ရာသီဥတုကြောင့်ဖြစ်ပွားလေ့ရှိရာ လူကြောင့်ယာဉ်မတော်တဆမှုဖြစ်ပွားရာတွင် အရှိန်ပြင်း၊ မူးယစ်၊ ယာဉ်မောင်းအိပ်ငိုက်၊ လမ်းကူးသူပေါ့ဆ၊ တိရစ္ဆာန်ကြောင့်၊ မော်တော်ဆိုင်ကယ်ပေါ့ဆမှု၊ အနေးယာဉ်ပေါ့ဆမှု၊ ယာဉ်မောင်းမကျွမ်းကျင်မှု၊ မဆင်မခြင်မောင်းနှင်မှုတို့ကြောင့်ဖြစ်ပွားပြီး ယာဉ်ကြောင့်ဖြစ်ပွားရာတွင် ဘီးပေါက်ခြင်း၊ စက်ချို့ယွင်းခြင်းတို့ကြောင့်ဖြစ်ပွားကြောင်း၊ လမ်းကြောင့်ဖြစ်ပွားရာတွင် တံတားနှင့်လမ်းချော်ခြင်းတို့ကြောင့်ဖြစ်ပွားပြီး ရာသီဥတုကြောင့်လည်း ယာဉ်မတော်တဆမှုဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

ထို့ပြင် လူကြောင့်ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုသည် အများဆုံးဖြစ်ပွားပြီး ရန်ကုန်-မန္တလေးအမြန်လမ်း၌ သတ်မှတ်အရှိန်နှုန်းထက်ပိုမိုမောင်းနှင်သည့် ယာဉ်များကို အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။

ယခုနှစ် ဇန်နဝါရီလတွင် ယာဉ်မတော်တဆမှု ၁၇ မှု၊ ဖေဖော်ဝါရီလတွင် ကိုးမှု၊ မတ်လတွင် ၁၉ မှုဖြစ်ပွားခဲ့ပြီး ဧပြီလတွင် ယာဉ်မတော်တဆမှု ၁၃ မှုဖြစ်ပွားခဲ့ရာ ယာဉ်မောင်းပေါ့ဆမှုကြောင့် ဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်း သိရသည်။ **စောယု**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၃၆၁၉ ဧက လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ မေ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၃၆၁၉ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၃၆၁၉ ဧက စိုက်ပျိုးရန် လျာထားပြီး မေလအတွင်းရွာသွန်းသည့်မိုးဖြင့် စိုက်ပျိုးနိုင်ရေး လယ်ယာမြေ ထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း မြေပဲ ၃၆၁၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ မိုးမြေပဲစိုက်ပျိုးနိုင်ဖို့ လယ်ယာမြေထွန်ယက်ပြုပြင်တာတွေ၊ ပေါင်းမြက်ရှင်းလင်းတာတွေ လုပ်ဆောင်နေပါတယ်။ အစိုဓာတ်ရရှိတာနဲ့ စတင်စိုက်ပျိုးမှာဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးတာနဲ့ပတ်သက်ပြီး တောင်သူတွေကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ကြိုးကြပ်ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးမြေပဲစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး မြေပဲအထွက်နှုန်းကောင်းမွန်စေရေး စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများနှင့် သင်တန်းများပေးခြင်း၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးဆောင်ရွက်ခြင်း၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သည့်အတွက် သီးနှံဝင်ငွေရရှိပြီး စိုက်ပျိုးတောင်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ဆီထွက်သီးနှံမြေပဲစိုက်ပျိုးမည်ဆိုပါလျှင်

**ကိုကျော်စွာ(ကျိုက်ပိ)**

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံလျက် နိုင်ငံ့စီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့်လည်း စိုက်ပျိုးသီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရန် ညွှန်ကြားထားကြောင်းသိရသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးဌာနအနေဖြင့်လည်း ဆန်စပါးကဏ္ဍ၊ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းကဏ္ဍ ဖွံ့ဖြိုးရေး၊ ဆီထွက်သီးနှံဖူလုံရေး စသည်ဖြင့် ကဏ္ဍအလိုက်ထုတ်လုပ်တင်ပို့နိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ဂျုံ၊ ပြောင်း၊ ဆန်စပါးသီးနှံအပြင် ဆီထွက်သီးနှံဖြစ်သော မြေပဲသီးနှံ ပန်းတိုင်အထွက်နှုန်းကောင်းစေရေးကိုလည်း အားပေးလျက်ရှိသည်။ ဆီထွက်သီးနှံမြေပဲကို တစ်ဧကလျှင် ပန်းတိုင်အထွက်နှုန်း တင်း ၇၀ ထွက်ရှိရေး၊ စနစ်တကျစိုက်ပျိုးထုတ်လုပ်မှု အရှိန်အဟုန်မြင့်မားရေး၊ မြေပဲသီးနှံထုတ်လုပ်မှုမှ ဝင်ငွေပိုမိုရရှိရေးအတွက် ရည်ရွယ်စိုက်ပျိုးရန် ညွှန်ကြားဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ထို့ကြောင့် စာရေးသူအနေဖြင့် ဆီထွက်သီးနှံတစ်မျိုးဖြစ်သော မြေပဲကို ပန်းတိုင်အထွက်နှုန်းရရှိအောင်စိုက်ပျိုးမည်ဆိုပါက စနစ်တကျစိုက်ပျိုးရန်လိုအပ်သဖြင့် ဆီထွက်သီးနှံမြေပဲစိုက်ပျိုးမည်ဆိုပါက သိသင့်၊ သိထိုက်သည်များကို လေ့လာတင်ပြပေးမည်ဖြစ်သည်။

## မြေပဲအမျိုးအစားနှင့်မျိုးရွေးချယ်ခြင်း

မြေပဲမှာ အမျိုးအစားအားဖြင့် ပင်ထောင်မြေပဲနှင့်ပင်ပြန့်မြေပဲဟူ၍ နှစ်မျိုးရှိသည်။ ပင်ထောင်မြေပဲကို မိုးဦးကျကျခြင်းစိုက်ပျိုးနိုင်အောင် သဲဆန်သောမြေများကို မတ်လလောက်ကတည်းက ထယ်ရေးကြိုခံထားရသည်။ အနည်းငယ်စေးသော မြေမျိုးဖြစ်ပါက မတ်လနှင့်ဧပြီလလောက်တွင် ထယ်ရေးကြိုခံထားရသည်။ ထယ်ထိုးပြီးပြီဆိုလျှင် ထွန်ဖြင့်နှစ်စပ် (ခါ)၊ သုံးစပ် (ခါ) အထိ မွှေပေးရသည်။ ထို့နောက် စိုက်ကွင်းအတွင်းရှိ အမှိုက်များကို ရှင်းလင်းထားရသည်။ ပင်ထောင်မြေပဲကို မိုးဦးကျစိုက်ရာတွင် မိုးနည်းသောဒေသများမှာသာစိုက်ပျိုးကြသည်။ မြေပဲသည် ဥကိုအသုံးပြုရသဖြင့် မိုးများသောဒေသများ၌စိုက်ပျိုးပါက မြေကျပ်၍ ဥနှုန်းကောင်းမည်မဟုတ်ပါ။ စာရေးသူတို့ဒေသတွင် မိုးရာသီမှလွဲ၍ ကျန်ရာသီများတွင်စိုက်ပျိုးကြသည်။ မိုးဦးကျတွင် မိုးရေချိန် လက်မဝက်ခန့် တစ်ကြိမ်ရွာပါက စတင်စိုက်ပျိုးနိုင်သည်။ သို့သော် သတ်မှတ်မိုးရေချိန်ပြည့်မီခြင်းမရှိသေးပါက ပေါင်းမြက်ကလေးများရှင်းလင်းနေစေရန်၊ ထွန်ရေးပိုမိုကောင်းမွန်စေရန် ထွန်ရေး နှစ်စပ်(ခါ)၊ သုံးစပ်(ခါ)ခန့်ထပ်မွှေပေးရသည်။ မြေပဲကို ပင်ထောင်မြေပဲစိုက်ပျိုးခြင်း၊ ပင်ပြန့်မြေပဲစိုက်ပျိုးခြင်း၊ သီးထပ်သီးညှပ်စိုက်ပျိုးခြင်း စသည်ဖြင့်စိုက်ပျိုးလေ့ရှိကြသည်၊ မြေပဲမျိုးကိုရွေးချယ်ရာတွင် ပန်းတိုင်အထွက်နှုန်းကို လျာထားရွေးချယ်သင့်သည်။ မြေပဲမျိုးရွေးချယ်ရာတွင် လုံးပိန်လုံးညှက်များကိုဖယ်ပစ်ရမည်။ လက်ရှိ စာရေးသူတို့မြန်မာနိုင်ငံတွင်စိုက်ပျိုးလျက်ရှိသော မြေပဲမျိုးများမှာ ဆင်းပဒေသာ ၇၊ ဆင်းပဒေသာ ၁၁၊ SP 121၊ တွန်တာနီ၊ မကွေး ၁၀၊ ၁၁၊ ၁၂ နှင့်ကျောင်းကုန်းပင်ပြန့်မျိုးတို့ဖြစ်သည်။

## ရေမြေနှင့်ရာသီဥတု

မြေပဲစိုက်ပျိုးမည်ဆိုပါက စိုက်ပျိုးမြေ၏ မြေချဉ်ငန်ကိန်းသည် ၅ ဒသမ ၅ မှ ၇ အတွင်းရှိရမည်ဖြစ်သည်။ မြေပဲအကောင်းဆုံးဖြစ်ထွန်းသောမြေမှာ နုန်းမြေ၊ သဲမြေတို့ဖြစ်သည်။ အကောင်းဆုံးမြေမှာ မြေဆီလွှာသစ်ဆွေးဓာတ်အသင့်အတင့်ရှိသည့် သဲသမမြေပွအမျိုးအစားဖြစ်သည်။ ရွှံ့စေးမြေ၊ မြေနီမြေစေးနှင့် မြေနီကျောက်စရစ်တို့တွင် ဖြစ်ထွန်းမှုမရှိပေ။ မြေပဲစိုက်ပျိုးရာတွင် စိုက်ပျိုးမြေသည် မှုန့်ညက်နေသည်။ အကောင်းဆုံးမြေမှုန့်ပေါင်းစပ်မှုနှုန်းမှာ သဲ၊ နုန်း၊ မြေစေး ၇၅း ၁၅း၁၀ နှုန်းဖြစ်သည်။ အပူချိန်အားဖြင့်၂၅ မှ ၃၅ ဒီဂရီဖာရင်ဟိုက်နှင့် မိုးရေချိန် ၂၅ မှ ၃၅ လက်မအတွင်းရွာသွန်းပါက ဖြစ်ထွန်း၍ အထွက်နှုန်းကောင်းသည်။ သို့သော်လည်း မိုးရေချိန်လက်မ ၄၀ ကျော်လွန်ပြီး လက်မ၂၀ အောက်ကျပါက ဖြစ်ထွန်းမှုမရှိဘဲ အထွက်နှုန်းကျဆင်းစေသည်။ နွားထိုးကြီးမြို့နယ်တွင်မူ ၂၀၂၄-၂၀၂၅ ခုနှစ်မှာ မြေပဲသီးနှံကို ရေသွင်း၊ ရေထုတ်လွယ်ကူသော မြေနီသဲဝန်းမြေမျိုးများမှာ စိုက်ပျိုးကြသည်။ မြေပဲစိုက်ပျိုးရာမှာလည်း သတ်မှတ်အရေအတွက်ရရှိရေးအတွက် တစ်ဧကကို အပင်အရေအတွက် ၁၀၄၅၄၄ ဝင်ဆံ့အောင် တန်းကြား ၁၅ လက်မနှင့် ပင်ကြား ၄ လက်မစနစ်ဖြင့် စိုက်ပျိုးကြောင်း သိရသည်။ ထိုကဲ့သို့စိုက်ပျိုးခြင်းက ပန်းတိုင်အထွက်နှုန်းရရှိအောင် စနစ်တကျစိုက်ပျိုးခြင်းဖြစ်သည်။

## မြေပဲစိုက်ပျိုးနည်း

မြေပဲစိုက်ပျိုးရာတွင် ပင်ထောင်စိုက်ပျိုးခြင်း၊ ပင်ပြန့်စိုက်ပျိုးခြင်းနှင့် သီးထပ်စိုက်ပျိုးခြင်းစသည်ဖြင့်ရှိသည်။ မြေပဲသည် ပဲမျိုးရင်းဝင်ဖြစ်သဖြင့် ပဲမြစ်ဖုများထွက်ရှိပြီး လေထုအတွင်းမှနိုက်ထရိုဂျင်ကိုဖမ်းယူနိုင်စေရန်အတွက် မြေပဲမျိုးကောင်းများကို ပဲမြစ်ဖုဇီဝမြေဩဇာနှင့်လူးနယ်ပြီးမှစိုက်ပျိုးသင့်သည်။

**(၁) ပင်ထောင်စိုက်ပျိုးခြင်း–** အများအားဖြင့် ပင်ထောင်မြေပဲကို မြစ်၊ ချောင်း၊ အင်း၊ အိုင်များဘေးရှိနေရာများမှာ ရေကျချိန်၌ စိုက်ပျိုးလေ့ရှိကြသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင်မူ ဧရာဝတီမြစ်ဘေးတွင် စိုက်ပျိုးကြသည်ကိုတွေ့ဖူးသည်။ မြစ်ရေခန်းချိန်တွင် ထယ်ထိုးပေးရသည်။ ထယ်ထိုးခြင်း၊ ထယ်စာခဲခြေခြင်းကို သုံးကြိမ်ခန့်ပြုလုပ်ပေးရသည်။ ထယ်စာခဲများကိုခြေပြီး ကျမ်းတုံးဖြင့်အုပ်ထား(မြေပြန်ညှိ)ပေးရသည်။ မြေမှုန်ရရှိအောင် အနည်းဆုံးထယ် ၁၀ စပ်(ခါ)မှ ၁၂ စပ်(ခါ)အထိထွန်ပေးရသည်။ မြေမှုန်ရသောအခါ ကျမ်းတုံးရိုက်(မြေပြန်ညှိ)ပေးပြီး ၁၅ လက်မအကွာ လေးသွားထွန်ဖြင့်အကြောင်းဆွဲပြီး မျိုးစေ့ချရသည်။ ပင်ထောင်မြေပဲကို စိုက်ပျိုးပြီး ၁၁၅ ရက်မှ ၁၂၀ ရက်အတွင်းနုတ်သိမ်းနိုင်သည်။ ထိုရက်များထက်နောက်ကျပါက မြေပဲများ အပင်ပြန်ပေါက်လာတတ်သည်။ မြေပဲများကို နုတ်ယူပြီးနှစ်ရက်ခန့်နေလှန်းကာ ဆွတ်ယူရသည်။ မြေပဲတောင့်များကိုမူ ငါးရက်ခန့်နေလှန်းပေးရသည်။

**(၂) သီးထပ်စိုက်ပျိုးခြင်း–** မြေပဲသီးထပ်ကို မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ စိုက်ပျိုးကြသည်။ မိုးစပါးအပြီးတွင် စိုက်ပျိုးကြသည်။ အထူးသတိပြုရမည့်အချက်မှာ မြေပဲစိုက်ပျိုးမည့် လယ်မြေသည် ကောက်ကြီးစပါးစိုက်ပျိုးသောလယ်မြေမျိုးမဖြစ်စေရန် သတိပြုရမည်။ ကောက်လတ်နှင့်ကောက်လျင်စိုက်ပျိုးသောမြေမျိုးမှာစိုက်ပျိုးရမည်။ မြေပဲသီးထပ်စိုက်ပျိုးရန် လယ်မြေရှိစပါးကိုရိတ်သိမ်းရာတွင် အပင်ရင်းမှကပ်ရိတ်ပေးရမည်။ တချို့က ရိုးပြတ်များကိုမီးရှို့ပစ်ရမည်။ မီးရှို့ခြင်းကြောင့် မြေဆီလွှာပေါ်ရှိ အပင်အကျိုးပြုဇက်တီးရီးယားများသေကျေပျက်စီးသွားကြသည်။ ထို့ကြောင့် ရိုးပြတ်များကို အောက်ခံမြေဆွေးအဖြစ် မြေကြီးအတွင်းထည့်၍အသုံးပြုသင့်သည်။ ထို့နောက် မြေအစိုအခြောက်ပေါ်မူတည်၍ ထွန်လေးစပ်(ခါ)မှရှစ်စပ်(ခါ)အထိ မွှေပေးရသည်။ သီးထပ်စိုက်မြေသည် အထူးသဖြင့် မြေစေးဆန်သဖြင့် မြေမှုန့်ရရှိအောင်အထူးပြုလုပ်ပြီး ထယ်ကြောင်းနက်နက်ဆွဲပေးရမည်။ မြေမှုန့်ရရှိပါက သီးထပ်မြေပဲကို ခရုပတ်ပုံစံစိုက်ရသည်။ ထို့နောက် မြေဖုံးပေးရသည်။



**(၃) ပင်ပြန့်မြေပဲစိုက်ပျိုးခြင်း –** ပင်ပြန့်မြေပဲကို အများအားဖြင့် ယာမြေနှင့်သဲအနည်းငယ်ဆန်သည့် ကုန်းမြေများတွင်စိုက်ပျိုးကြသည်။ သဲဆန်သောမြေမျိုးတွင် ၁၈ လက်မခြားစိုက်ရသည်။ ပင်ပြန့်မြေပဲကိုပေါင်တင်မစိုက်ရပေ။ မိုးဦးကျ မေလနှင့် ဇွန်လတို့တွင်စိုက်ပျိုးရပြီး အောက်တိုဘာလနှင့်နိုဝင်ဘာလတို့တွင် ရိတ်သိမ်းရသည်။ ပင်ပြန့်မြေပဲကိုရိတ်သိမ်းရာတွင် အရင့်လွန်မှ နုတ်သိမ်းရသည်ကများသည်။ သတိပြုရမည့်အချက်မှာ နုတ်သိမ်းချိန်နောက်ကျပါက အပင်မပေါက်နိုင်ပါ။

## အပင်ပြုစုထိန်းသိမ်းခြင်း

မြေပဲသီးနှံအပွင့်ဖြိုင်ဖြိုင်ပွင့်ချိန်တွင် ပေါင်းမြက်ရှင်းလင်းပါက မြေပဲပွင့်များကိုထိခိုက်စေနိုင်သည်။ ထို့ကြောင့် ပေါင်းရှင်းပြီဆိုပါက စိုက်ပျိုးပြီး ရက်ပေါင်း ၃၀ မှ ၃၅ ရက်အတွင်း ပေါင်းမြက်များကိုရှင်းလင်းပေးရမည်။ ထို့ပြင် အပင်သက်တမ်း ၄၅ ရက်နှင့် ၇၅ ရက်သားတွင် အစိုဓာတ်လုံလောက်စွာရရှိရန်လိုသည်။ ထိုအချိန်သည် မြေပဲပင်ပန်းပွင့်ချိန်၊ အဆန်ဖြည့်တင်းချိန်များဖြစ်သောကြောင့်ဖြစ်သည်။

## မြေဩဇာကျွေးခြင်း

မြေပဲစိုက်ပျိုးမည်ဆိုလျှင် မြေပြင်ချိန်မှာပင် အောက်ခံအဖြစ် သဘာဝမြေဩဇာဖြစ်သောနွားချေးမြေဆွေးကို တစ်ဧကလျှင် လှည်းခုနစ်စီး၊ ကွန်ပေါင်းတစ်အိတ်၊ ကျောက်မှုန့် ၂၅ ကီလိုနှစ်အိတ်ကိုထယ်ရေးပြင်ချိန်တွင် ထည့်ပေးရသည်။ ပင်ထောင်မြေပဲအတွက် မြေဩဇာချရန်မလိုပေ။ သီးထပ်မြေပဲမှာလည်း မြေဩဇာအသုံးမပြုကြဟုသိရသည်။ ပင်ထောင်မြေပဲကိုမူ မိုးကျခါနီးတစ်ဧကလျှင် နွားချေးလှည်းရှစ်စီးနှုန်းအထိချပေးပြီး ထွန်ဖြင့်မွှေပေးရသည်။

## ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း

မြေပဲစိုက်ခင်းများတွင် အပင်ငယ်စဉ်အချိန်မှာ စုပ်စားပိုး၊ ရွက်လိပ်ပိုး၊ ကပ်ပိုးများကျရောက်တတ်သည်။ ထိုအခါ ပင်လုံးပြန့်ထိသေပိုးသတ်ဆေးကို အသုံးပြုပေးရမည်။ ဖိုးလမင်းကျိုင်းနှင့် ခြများကျရောက်တတ်သောမြေမျိုးဖြစ်ပါက စိုက်ချိန်တွင် စိုက်ကြောင်းအတွင်း ပင်လုံးပြန့်ထိသေပိုးသတ်ဆေးတစ်မျိုးမျိုးထည့်ပေးရမည်။ ထို့ပြင် ရာသီဥတုကြောင့်လည်း ပိုးကျတတ်သည်ကိုသတိပြုသင့်သည်။ မိုးခေါင်ပါက ပျပိုးကျရောက်တတ်သည်။ အရွက်ပေါ်တွင်လည်းကောင်း၊ ခေါင်ညွန့်တွင်လည်းကောင်း၊ အရွက်ကိုင်းခွနေရာများတွင်လည်းကောင်း တွေ့ရတတ်သည်။ ထို့ပြင် မြေပဲပင်ခြေနှင့်မြေပဲတောင့်များကို ကိုက်ဖြတ်စားသောက်တတ်သောပိုးတီကောင်မျိုးလည်းကျရောက်တတ်သည်။ ထိုသို့မဖြစ်အောင် အော်ဒရင်ဆေးရည်ကို မြေပဲမစိုက်မီ ကြိုတင်ချထားရမည်။ ရွက်ပြောက်ရောဂါလည်း ကျရောက်တတ်သည်။ ရွက်ပြောက်ရောဂါကျရောက်ပါက အရွက်များမှာ အမဲစက်၊ အမဲကွက်များဖြစ်နေတတ်သည်။ ယင်းကိုကာကွယ်ရန်အတွက် ရောဂါမကျရောက်မီ တစ်ဧကလျှင် ကျောက်မှုန့်ငါးပြည်ကို ၁၅ ရက်ခြား လေးကြိမ်ထည့်ပေးရမည်။ ထို့ပြင် မြေပဲစိုက်ပျိုးပြီး တစ်လအကြာ၌ဖြစ်တတ်သော ပင်ရင်းပုပ်ရောဂါကိုလည်း မြေပဲစိုက်တောင်သူများအနေဖြင့် အထူးသတိပြုသင့်သည်။ အထူးသတိပြုရမည့်အချက်မှာ မြေပဲရောဂါကျရောက်တတ်သဖြင့် မှိုနှင့်ပိုးမွှားရောဂါကင်းစင်စေရန်အတွက် မြေပဲမျိုးဆန်အား မျိုးစေ့လူးနယ်ဆေးဖြင့်လူးနယ်စိုက်ပျိုးရန်လိုသည်။

## မြေပဲပန်းတိုင်အထွက်နှုန်းရရှိအောင်ဆောင်ရွက်ရမည့်အချက်များ

ယခုအခါ နိုင်ငံတော်အနေဖြင့် မြေပဲကို တစ်ဧကတင်း ၇၀ ရရှိအောင် ပန်းတိုင်ထားစိုက်ပျိုးရန်ရည်ရွယ်ပြီး စိုက်ပျိုးသူများကို အားပေးဆောင်ရွက်လျက်ရှိသည်။ တစ်ဧကကို တင်း ၇၀ ရရှိအောင်လုပ်ဆောင်သင့်သည့်လုပ်ငန်းများမှာ မိုးခေါင်သည့်ဒဏ်ကိုခံနိုင်သည့် မြေပဲစိုက်ခင်းမှမြေပဲကိုမျိုးအဖြစ်အသုံးမပြုရန်၊ မြေပဲမျိုးစေ့အဆန်သည် မနုလွန်း၊ မရင့်လွန်းသောအဆန်မဖြစ်စေရန်၊ အစေ့အခွံထိခိုက်သောအစေ့များအားဖယ်ရှားပြီး မျိုးစေ့ကိုအပင်ပေါက်နှုန်းစမ်းသပ်ပြီးမှစိုက်ပျိုးရန်၊ မြေပဲစိုက်ပျိုးမည့်အချိန်ကို မှန်ကန်စွာရွေးချယ်ရန်၊ စိုက်ပျိုးမြေအမျိုးအစားရွေးချယ်ခြင်းနှင့်စနစ်တကျ မြေပြင်ရန်၊ ကယ်စီယမ်ဓာတ်အပြည့်အဝပါစေရန် အပင်သက်တမ်း ၄၅ ရက်သား၌

**စာမျက်နှာ ၂၆ သို့** ❍

**❍ စာမျက်နှာ ၂၅ မှအဆက်**

ကျောက် မှုန့် သုံးထားသောစိုက် ကွက် မှ မြေပဲကို သာ မျိုးအဖြစ်အသုံးပြုရန်၊ မျိုးအဖြစ်ထားရှိမည့် စိုက်ခင်းအား ရိတ်သိမ်းချိန်နီးပါက ရေမသွင်းရန်၊ ရိတ်သိမ်းချိန်သည် စောလွန်း၊ နောက်ကျလွန်းခြင်း မဖြစ်စေရန် စသည့်သတ်မှတ်ချက်များအတိုင်း တိကျစွာလိုက်နာစိုက်ပျိုးမည်ဆိုပါက လျာထားသည့်အတိုင်း တစ်ဧက တင်း ၇၀ ပန်းတိုင်အထွက်နှုန်းကို ရရှိနိုင်မည်ဖြစ်သည်။

**ရိတ်သိမ်းခြင်း သို့မဟုတ် မြေပဲဆွတ်ခြင်း**

မြေပဲသည် ဥဥပြီး ရိတ်သိမ်းချိန် သို့မဟုတ် ဆွတ်ယူချိန်သက်တမ်းရောက်ပါက အရွက်များရင့်ဝါလာသည်။ ထိုအခါ စနစ်တကျရိတ်သိမ်းဖို့လိုသည်။ အထူးသဖြင့် မြေကျပ်သောအနေအထားမျိုးဖြစ်နေပါက အလေအလွင့်နည်းအောင်ဂရုစိုက်ရိတ်သိမ်းရမည်။ မြေပဲကို ရိတ်သိမ်းခြွေယူပြီးနောက် စနစ်တကျနေလှန်းပေးရသည်။ သတ်မှတ်အစိုဓာတ်သာကျန်သည်အထိ နေလှန်းပေးရသည်။ သတ်မှတ်အစိုဓာတ်ထက်များနေပါက မြေပဲဆန်တွင် အယ်ဖာတောက်စင်မှိုတစ်မျိုးဖြစ်တတ်သည်။ ထိုမှိုသည် ကင်ဆာဖြစ်စေနိုင်သည်။ ထိုမှိုဆိပ်မဖြစ်စေရန်နှင့်ကာကွယ်ရန် မြေပဲရိတ်သိမ်း၍ဆွတ်ယူရာတွင် အောက်ပါအချက်များကိုလိုက်နာရန်လိုသည်။ မြေပဲတောင့်များကိုမထိခိုက်အောင် ဆွတ်ယူရမည်။ ခြွေယူပြီးသောမြေပဲတောင့်များကို တာပေါ်လင်စ သို့မဟုတ် ပလတ်စတစ်ခံ၍နေလှန်းရမည်။ နေလှန်းနေစဉ်မှိုတက်နေသောမြေပဲတောင့်များ မပါအောင်ပြုလုပ်ရမည်။ ပါလျှင်ဖယ်ပစ်ရမည်။ မြေပဲဆန်များကိုသိုလှောင်ရာတွင် အရည်အသွေးမမီသော အဆန်များ၊ အမှိုက်သရိုက်များနှင့်ဖုန်သဲကင်းစင်ရမည်။ သတ်မှတ်အစိုဓာတ်ဖြစ်သော ခုနစ်ရာခိုင်နှုန်းအောက် မှာသာထားရှိပြီး သိုလှောင်ရမည်။ ဤအချက်များသည် မှိုဆိပ်မရှိအောင်စနစ်တကျ ရိတ်သိမ်းသိုလှောင်ရမည့် အချက်များပင်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် မြေပဲသည် ပြည်တွင်းစားသုံးဆီဖူလုံစေရေးအပြင် ပြည်ပတင်ပို့နိုင်သည်အထိ မျှော်မှန်းစိုက်ပျိုးသင့်သော ဆီထွက်သီးနှံဖြစ်သည်။ မြေပဲမှမြေပဲဆီ၊ မြေပဲယို၊ မြေပဲလှော်၊ ပဲဖတ်တို့ ထုတ်လုပ်ရရှိသည်။ မြေပဲဆီသည် ဈေးကွက်ဝင်သည့်အတွက် စိုက်ပျိုးသူတောင်သူများအတွက်လည်း အဆင်ပြေသည်။ ထို့ကြောင့် နိုင်ငံတော်ကမျှော်မှန်းထားသလို ပန်းတိုင်အထွက်နှုန်းရရှိပြီး မြေပဲစိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်ရရှိစေရန် ရည်ရွယ်လျက် မြေပဲစိုက်ပျိုးရာတွင် သိထားသင့်သည်များကို လေ့လာတင်ပြလိုက်ပါသည်။ ။

## ကျောင်းအပ်နှံရေးရက်သတ္တပတ်လုပ်ငန်းစဉ် နှိုးဆော်အသိပေးမြေစိုက်ပိုစတာစိုက်ထူ

မြဝတီ မေ ၁၇

ကရင်ပြည်နယ်မြဝတီမြို့နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးရက်သတ္တပတ်လုပ်ငန်းစဉ်နှိုးဆော်အသိပေး မြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနားကို မေလ ၁၇ ရက်တွင် ကျင်းပသည်။



အဆိုပါကျောင်းအပ်နှံရေးရက်သတ္တပတ်မြေစိုက်ပိုစတာကို ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်၊ မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောင်းအပ်နှံရေးရက်သတ္တပတ် မြေစိုက်ပိုစတာကို စိုက်ထူကြသည်။

ထို့ပြင် မြဝတီမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများတွင်လည်း ကျောင်းအပ်လက်ခံခြင်းများကို မေလ ၂၂ ရက်မှစတင်၍ ဇွန်လ ၁ ရက် အထိ သတ်မှတ်ထားရှိကာ အခြေခံပညာကျောင်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး၊ ကျောင်းအပ်လက်ခံနိုင်ရေးများ ဆောင်ရွက်ရာတွင် အဆင်ပြေစေရေးနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ အခြေခံပညာကျောင်းများတွင်လည်း ကျောင်းတွင်းနှင့် ကျောင်းပြင်သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ (၄၀၆)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၅-၂၀၂၅ (တနင်္လာနေ့)

- ၁။ ၀၆:၀၃ တရားတော်
- ၂။ ၀၇:၁၆ မေတ္တာပို့
- ၃။ ၀၇:၂၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
- ၄။ ၀၈:၀၀ မောင်မယ်လေးများ သိစေချင်
- ၅။ ၀၉:၀၀ Soft Skill
- ၆။ ၁၀:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
- ၇။ ၁၁:၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၈။ ၁၂:၀၀ လူတိုင်းကျန်းမာ သိမှတ်စရာ
- ၉။ ၁၃:၀၀ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၀။ ၁၄:၀၀ Myanmar Traditional Food
- ၁၁။ ၁၅:၀၀ အဟောင်းထဲမှအကောင်းဆုံး တေးသီချင်းများ
- ၁၂။ ၁၆:၀၀ နိုင်ငံတကာသတင်း
- ၁၃။ ၁၇:၀၀ သီချင်းလက်ဆောင်
- ၁၄။ ၂၀:၀၀ မိုးလေဝသသတင်း

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပေါင်းလောင်းရေလှောင်တမံကြံ့ခိုင်မှုအခြေအနေနှင့် ရေဝင်ရောက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိပေါင်းလောင်းရေလှောင်တမံကြံ့ခိုင်မှုအခြေအနေနှင့် ရေဝင်ရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပေါင်းလောင်းရေလှောင်တမံအပေါ်ယံအက်ကြောင်းများ ဖြစ်ပေါ်ခဲ့မှုအပေါ် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ရာဂိမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ရေပိုလွှဲပထမအဆင့် ထိခိုက်ပျက်စီးခဲ့မှုအား ပြင်ဆင်ဆောင်ရွက်ရန် စတင်ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေလှောင်တမံနှင့် ဆက်စပ်ရေအားအဆောက်အအုံများ ဘေးကင်းလုံခြုံမှုအခြေအနေ မျက်မြင်စစ်ဆေးမှုအစီရင်ခံစာပါ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် လိုကြောင်း၊ ရာဂိမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ရေပိုလွှဲပြင်ဆင်ဆောင်ရွက်ရာတွင် လက်ရှိပျက်စီးနေမှုနှင့် ပျက်စီးနိုင်ခြေရှိသောအခြေအနေများအပေါ်အခြေခံကာ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲမှရရှိလာသော ဒီဇိုင်းများအပေါ် ရေရှည်ခိုင်ခံ့မှုကောင်းမွန်စေရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။



ပေါင်းလောင်းတမံနှင့် ရေပိုလွှဲ၏ကြံ့ခိုင်မှုကောင်းမွန်စေရန် ပုံမှန်ထိန်းသိမ်းခြင်းများကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ်စစ်ဆေးမှုများဆောင်ရွက်လျက်ရှိပြီး သဘာဝဘေးအန္တရာယ်တစ်ခုခု ကြုံတွေ့လာရမှုကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေအားအသေးစိတ်ကြည့်ရှုနိုင်ရန် Dam Monitoring စောင့်ကြည့်တိုင်းတာစစ်ဆေးမှုများ အမြဲမပြတ်ဆောင်ရွက်လျက်ရှိကြောင်းသိရပြီး လက်ရှိစစ်ဆေးတွေ့ရှိမှုအခြေအနေများအရ ရေလှောင်တမံကြံ့ခိုင်လုံခြုံမှုအခြေအနေမှာကောင်းမွန်ပြီး စိုးရိမ်ရန်မရှိကြောင်း၊ ပေါင်းလောင်းရေလှောင်တမံသည် ဘက်စုံရေလှောင်တမံတစ်ခုဖြစ်ပြီး လျှပ်စစ်ထုတ်လွှတ်ရေမှ ပိုလျှံရေများကို ရေလွှဲဆည်မှတစ်ဆင့် စိုက်ပျိုးရေအဖြစ် ပြန်လည်အသုံးပြုနေသောစီမံကိန်းတစ်ခုဖြစ်ပြီး ၂၀၂၄-၂၀၂၅ ခု နွေစပါးရေပေးရာသီတွင် နွေစပါးနှင့် နွေသီးနှံဧက ၉၁၇၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ်စက်စက်ယိုဆည်ရေသောက်ဧရိယာအတွင်းရှိ ကျောက်အိုးလျှိုပိတ်တမံ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် တမံကိုယ်ထည်နှင့်ရေထုတ်ပြွန် ထိခိုက်ပျက်စီးခဲ့မှု၊ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်နည်းပညာပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနနှင့် စက်မှုလယ်ယာသင်တန်းကျောင်း(ရေဆင်း)၌ ဝန်ကြီးဌာနအောက်ရှိ ငလျင်ဒဏ်သင့်ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရေးအတွက် နေရာချထားမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

မြဝတီ




**ပျောက်ဆုံးကြောင်း**

ပညာထေရီ(ဘ)ဦးကြည်လွင် ၁၂/စခန(သီ)၀၀၄၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 685731)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၅၃၇၁၀၉၇

**ပျောက်ဆုံးကြောင်း**

မောင်အောင်ဇော်လင်း(ဘ)ဦးအောင်မြင့် ၇/အတန(နိုင်)၁၀၇၀၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၅၃၇၁၀၉၇

**ပျောက်ဆုံးကြောင်း**

မသွယ်သွယ်ခိုင်(ဘ)ဦးကျော်ရီ ၇/ဝမန(နိုင်)၁၁၅၇၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၉၃၃၃၀၃၀

**ပျောက်ဆုံးကြောင်း**

မောင်လှိုင်ထက်ကို(ဘ)ဦးခင်မောင်ရင် ၉/ပသက(နိုင်)၂၀၁၅၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၅၃၇၁၀၉၇

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အဆောက်အအုံနှင့်ကုန်ရုံဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် RC(၈)ထပ်ဆောင်အမိုးပြင်ပေါ်တွင် ရေကန်အသစ်ဝယ်ယူတပ်ဆင်ခြင်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူတပ်ဆင်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ - (၁၆-၅-၂၀၂၅)မှ(၂၉-၅-၂၀၂၅)ထိ

(ခ) တင်ဒါသွင်းရမည့်နောက်ဆုံးရက်/အချိန် - (၂၉-၅-၂၀၂၅)ရက်၊ (၁၆:၀၀)နာရီ

(ဂ) တင်ဒါဖွင့်မည့်ရက် - (၃၀-၅-၂၀၂၅)ရက်၊ (ခန့်မှန်း)

(ဃ) တင်ဒါဖွင့်မည့်နေရာ - အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(င) တင်ဒါလျှောက်လွှာတစ်စုံဈေးနှုန်း - ၂၀၀၀/-(ကျပ်နှစ်ထောင်တိတိ)

၂။ သတ်မှတ်အချိန်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း ၀၉-၂၀၅၃၇၂၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါရုံးသုံးစာရေးကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ရုံးသုံးစာရေးကိရိယာပစ္စည်း | ၉ မျိုး |
| ၂။ | တာယာ | ၂ မျိုး |
| ၃။ | ဘက်ထရီ | ၂ မျိုး |
| ၄။ | စက်ဆီချောဆီ | ၆ မျိုး |
| ၅။ | ဆင်သံကြိုး | ၃ မျိုး |
| ၆။ | ပတ်လွှ | ၃ မျိုး |

တင်ဒါရောင်းချမည့်ရက် - ၁၉-၅-၂၀၂၅/နံနက် ၁၀:၀၀ နာရီ

တင်ဒါပိတ်မည့်ရက် - ၃-၆-၂၀၂၅/နေ့လယ် ၁၅:၀၀ နာရီ

တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

အမှတ် ၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

ဖုန်း ၀၁-၈၂၅၄၁၉၁၊ ၀၉-၅၃၄၁၆၀၅၊ ၀၉-၅၁၁၈၉၂၅

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ပျောက်ဆုံးကြောင်း**

ဟိန်းထက်အောင်(ဘ)ဦးသန်းလှ ၁၄/ကခန(နိုင်)၁၀၄၄၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 755518)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၄၉၀၅၂၉၉

**ပျောက်ဆုံးကြောင်း**

စုမြတ်လင်း(ဘ)ဦးနေလင်း ၁၂/လသယ(နိုင်)၀၄၆၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ဝတ်ရည်ဖူး(ဘ)ဦးဇော်မြင့် ၁၄/ဟသတ(နိုင်)၃၇၀၀၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

နီလာလင်း(ဘ)ဦးအေးကြိုင် ၁၄/ဓနဖ(နိုင်)၁၂၇၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 344157)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

အေးမိုးကျော်(ဘ)ဦးတင်ဝင်း ၇/လပတ(နိုင်)၁၂၄၉၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

သီတာသိန်း(ဘ)ဦးအိုက်မောင် ၉/ခမစ(နိုင်)၀၄၈၅၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ထွန်းထွန်းဝင်း(ဘ)ဦးမြသင်း ၉/တသန(နိုင်)၂၄၁၇၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 793723)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

အိအိခိုင်(ဘ)ဦးဉာဏ်မြင့် ၁၄/ပပတ(နိုင်)၁၈၂၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၈၅၀၁၂၁၂

**ပျောက်ဆုံးကြောင်း**

ရေစကြိုမြို့နယ်၊ ကမ္ဘဲ့နေ လှလှဝင်း(ဘ)ဦးလှမြင့် ၈/ရစက(နိုင်)၂၄၀၆၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ပျော်ဘွယ်မြို့၊ မြင်းတဲ(တ)နေ မသင်းမြိုင်(ဘ)ဦးပန်းမွှေး ၉/ပဘန(နိုင်)၂၉၂၅၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၆၅၁၉၃၇၆

**ပျောက်ဆုံးကြောင်း**

တပ်ကုန်းမြို့၊ ဖက်သန်းတောင်ရွာနေ ကိုဝေလင်း(ဘ)ဦးခင်အောင်ကြည် ၉/တကန(နိုင်)၁၂၉၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MC 727844)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၈၀၀၀၀၁၉

**ပျောက်ဆုံးကြောင်း**

ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်နေ ဦးအောင်သူရ(ဘ)ဦးစိုးမြင့် ၉/မရတ(နိုင်)၁၀၉၀၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 661381)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၃၅၃၈၀၄၆

# ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲပြီးဆုံးပြီး ချန်ပီယံဆုကို ဘိုင်ယန်မြူးနစ်အသင်းဆွတ်ခူးရရှိကာ ဒေါ့မွန်အသင်း ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိ



ဘာလင် မေ ၁၈

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါ ပြိုင်ပွဲ ပြီးဆုံးခဲ့ပြီး ချန်ပီယံဆုကို ဘိုင်ယန်မြူးနစ်အသင်းက ပြိုင်ပွဲမပြီးဆုံးမီ ဆွတ်ခူးရရှိကာ တခြားအသင်းများ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်အတွက် နောက်ဆုံးပွဲစဉ်အထိ အဆုံးအဖြတ်ခံယူခဲ့ရပြီး ဒေါ့မွန်အသင်းက အဆင့်(၄)နေရာဖြင့် ဝင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ပြီးဆုံးရန်နှစ်ပွဲအလိုကတည်းက ချန်ပီယံဆုဆွတ်ခူးနိုင်ခြင်းဖြစ်ပြီး နောက်ဆုံးပွဲစဉ်တွင်လည်း အနိုင်ရရှိသည့်အတွက် ပြိုင်ပွဲပြီးဆုံးချိန်တွင် ၂၅ ပွဲအနိုင်ရရှိကာ ခုနစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၈၂ မှတ်ဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းသည် အစောပိုင်းက အဆင့်(၁၀) နေရာအထိကျဆင်းခဲ့ရပြီး ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်နှင့်လွဲချော်ရန်နီးစပ်ခဲ့သော်လည်း ယခုဘောလုံးရာသီပြီးဆုံးခါနီးတွင် ရလဒ်များဆက်တိုက်ကောင်းမွန်လာပြီး ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် မတ်လ ၁၆ ရက်က လိုက်ပဇစ်အသင်းကိုရှုံးနိမ့်ပြီး နောက်ပိုင်းပွဲစဉ်များတွင် ရှုံးပွဲမရှိဘဲ ဘိုင်ယန်မြူးနစ်အသင်းနှင့်သာ သရေရလဒ်ထွက်ပေါ်ခဲ့ကာ ခုနစ်ပွဲအနိုင်ရရှိခဲ့ပြီး နောက်ဆုံးပွဲစဉ်တွင် ဟူစတိန်ကယ်အသင်းကို အနိုင်ရရှိပြီးနောက် ရမှတ် ၅၇ မှတ်ဖြင့် အဆင့်(၄) နေရာဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ပြီးဆုံးရန်တစ်ပွဲအလိုတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်အတွက် အဆင့်(၁) နေရာမှ ဘိုင်ယန်မြူးနစ်အသင်းနှင့် အဆင့်(၂)နေရာမှ လေဗာကူဆင်အသင်းတို့က သေချာနေခဲ့သော်လည်း လက်ကျန်နှစ်နေရာအတွက် ဖရန့်ဖက်အသင်း၊ ဖရိုင်းဘတ်အသင်းနှင့် လေဗာကူဆင်အသင်းတို့က အဆုံးအဖြတ်ခံယူခဲ့ရပြီး နောက်ဆုံးပွဲစဉ်တွင် ဖရိုင်းဘတ်အသင်းနှင့်ဖရန့်ဖက်အသင်းတို့တွေ့ဆုံခဲ့ရာ ဖရန့်ဖက်အသင်းက အနိုင်ရရှိသည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့သည်။ ဖရိုင်းဘတ်အသင်းအနေဖြင့် ရမှတ် ၅၅ မှတ်ဖြင့် အဆင့်(၅)နေရာကျဆင်းခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်ကာ ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါ ပြိုင်ပွဲပြီးဆုံးချိန်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရအသင်းများအဖြစ် ချန်ပီယံဘိုင်ယန်မြူးနစ်အသင်း၊ အဆင့်(၂)နေရာမှ လေဗာကူဆင်အသင်း၊ အဆင့်(၃) နေရာမှ ဖရန့်ဖက်အသင်းနှင့် အဆင့်(၄)နေရာမှ ဒေါ့မွန်အသင်းတို့က ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့ကြပြီး အဆင့်(၅)နေရာမှ ဖရိုင်းဘတ်အသင်းက ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိကာ အဆင့်(၆)နေရာမှ မိန့်ဇ်အသင်းက ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲကို ဝင်ခွင့်ရရှိပြီး သွင်းဂိုးအများဆုံးကစားသမားဆုကို သွင်းဂိုး ၂၆ ဂိုးဖြင့် ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်းက ဆွတ်ခူးနိုင်ခဲ့သည်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါ ပြိုင်ပွဲပြီးဆုံးချိန်တွင် အမှတ်ပေးဇယားအဆင့်(၁၇) နေရာမှ ဟူစတိန်ကယ်အသင်းက တစ်ရာသီအတွင်း ပြန်လည်တန်းဆင်းခဲ့ရပြီး အဆင့်(၁၈)နေရာမှ ဘိုချမ်အသင်းကလည်း တစ်ရာသီအတွင်းပင် တန်းဆင်းခဲ့ရကာ အဆင့်(၁၆)နေရာ၌ ရပ်တည်ခဲ့သည့် ဟိုင်ဒန်ဟိမ်းအသင်းသည် ဂျာမန်ဘွန်ဒက်စ်လီဂါ-၂ ပြိုင်ပွဲတွင် အမှတ်ပေးဇယား အဆင့်(၃)နေရာ၌ ရပ်တည်ခဲ့သည့် အယ်ဗာဗက်အသင်းနှင့် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ဝင်ခွင့်ရရှိရေးအတွက် Play-off ကစားရမည်ဖြစ်သည်။

အလားတူ ယခုဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲသို့ လိဂ်-၂ ပြိုင်ပွဲမှ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ဟမ်းဘတ်အသင်းနှင့် အဆင့်(၂)နေရာမှ ကိုလုံးအသင်းတို့က တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

# ယခုဘောလုံးရာသီတွင် အက်စ်တွန်ဗီလာအသင်းမှ ဂိုးသမား မာတီနက်ဇ် အလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာဖွယ်ရှိနေပြီး ဆော်ဒီထိပ်တန်းအသင်းများက စောင့်ကြည့်နေ

လန်ဒန် မေ ၁၈

အက်စ်တွန်ဗီလာအသင်းဂိုးသမား မာတီနက်ဇ်သည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ်ကစားသည့် အက်စ်တွန်ဗီလာအသင်းက စပါးအသင်းကို အနိုင်ရရှိသောပွဲစဉ်အပြီးတွင် အသင်းပရိသတ်များကို ငိုကြွေးကာ နှုတ်ဆက်ခဲ့ပြီးနောက် အသင်းနှင့် အနာဂတ်မှာ ပိုမိုမရေမရာဖြစ်လာပြီး ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲဖွယ်ရှိနေပြီး ဆော်ဒီထိပ်တန်းကလပ်အသင်းများက စောင့်ကြည့်နေကြောင်း သိရသည်။

အသက် ၃၆ နှစ်အရွယ် ဂိုးသမား မာတီနက်ဇ်သည် အာဆင်နယ်အသင်းတွင် ပွဲကစားခွင့်မရရှိသည့်အတွက် ၂၀၂၀ ပြည့်နှစ်က အက်စ်တွန်ဗီလာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အက်စ်တွန်ဗီလာအသင်းတွင် အဓိကဂိုးသမားအဖြစ် ငါးရာသီကြာကစားပြီးနောက် ယခုဘောလုံးရာသီအကုန်တွင် အက်စ်တွန်ဗီလာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ယခုဘောလုံးရာသီပြီးဆုံးရန် တစ်ပွဲအလိုရောက်ရှိနေချိန်တွင်ပင် အက်စ်တွန်ဗီလာအသင်းအနေဖြင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိသေးဘဲ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်အတွက် အာရုံစိုက်နေရသောကြောင့် ဂိုးသမား မာတီနက်ဇ်၏အနာဂတ်နှင့် ပတ်သက်ပြီး တစ်စုံတစ်ရာထုတ်ပြန်နိုင်ခြင်းမရှိသေးသော်လည်း မာတီနက်ဇ်က စပါးအသင်းနှင့် ပွဲစဉ်အပြီး ပရိသတ်များကိုနှုတ်ဆက်ရာတွင် ငိုကြွေးပြီး နှုတ်ဆက်နေသည့်အတွက် အက်စ်တွန်ဗီလာအသင်းကစားသမားဘဝ အိမ်ကွင်း၌ နောက်ဆုံးပွဲစဉ်ဖြစ်လာနိုင်သဖြင့် အသင်းပရိသတ်များကို ငိုကြွေးပြီးနှုတ်ဆက်ခဲ့ခြင်းဖြစ်သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။ နည်းပြအမ်မရီကလည်း မာတီနက်ဇ်၏အနာဂတ်နှင့်ပတ်သက်၍ တိတိကျကျပြောဆိုနိုင်ခြင်းမရှိသေးဘဲ မကြာမီသိရှိရမည်ဟု ပြောကြားခဲ့ပြီး မာတီနက်ဇ်ကိုယ်တိုင်ကလည်း ဆော်ဒီကလပ်အသင်းတစ်သင်းသို့သာ ပြောင်းရွှေ့ဖွယ်ရှိနေကြောင်း သိရသည်။

*Ref;Goal.com*

# မန်စီးတီးအသင်းကိုအနိုင်ရရှိပြီး အက်ဖ်အေဖလားကိုဆွတ်ခူးနိုင်သည့် ခရစ္စတယ်ပဲလေ့စ်အသင်း ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိမည်

လန်ဒန် မေ ၁၈

အက်ဖ်အေဖလားဗိုလ်လုပွဲအဖြစ် မန်စီးတီးအသင်းနှင့်ခရစ္စတယ်ပဲလေ့စ်အသင်းတို့ကစားရာ ခရစ္စတယ်ပဲလေ့စ်အသင်းက ဗိုလ်စွဲရန်ရေပန်းစားနေသည့် မန်စီးတီးအသင်းကိုအနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ကာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ဆုဖလားတစ်လုံးဆွတ်ခူးနိုင်ပြီး ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းက ပွဲချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၆ မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် အက်ဇီးက ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ကာ ပွဲချိန် ၃၆ မိနစ်တွင် မန်စီးတီးအသင်းက ချေပဂိုးအတွက် ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဟာလန်းအစား အိုမာမာမွတ်က ကန်သွင်းခဲ့ရာ ခရစ္စတယ်ပဲလေ့စ်အသင်းဂိုးသမား ဒိန်းဟတ်ဒါဆန်က အကောင်းဆုံးကာကွယ်နိုင်ခဲ့သည့်အတွက် မန်စီးတီးအသင်းနစ်နာခဲ့ရပြီး လက်ကျန်ပွဲချိန်များတွင် မန်စီးတီးအသင်းက ပွဲချိန်တစ်လျှောက်လုံး ဖိအားပေးခဲ့သော်လည်း ခရစ္စတယ်ပဲလေ့စ်အသင်းက အနိုင်ရလဒ်ကိုထိန်းချုပ်နိုင်ခဲ့သည့်အတွက် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး လာမည့်ဘောလုံးရာသီ ယူရိုပါလိဂ်ပြိုင်ပွဲကို ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အက်ဖ်အေဖလားဗိုလ်လုပွဲကို ၁၉၈၉-၁၉၉၀၊ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီနှင့် ယခုဘောလုံးရာသီတို့တွင် ဗိုလ်လုပွဲတက်ရောက်ခဲ့ရာ၌ ယခုအခါမှသာ ချန်ပီယံဆုဆွတ်ခူးနိုင်ပြီး ရှုံးနိမ့်ခဲ့သည့် မန်စီးတီးအသင်းအနေဖြင့် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီနောက်ပိုင်း ဖလားလက်မဲ့ရာသီ တွေ့ကြုံခဲ့ရကြောင်း သိရသည်။

*Ref;Fotmob*



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “U Soe Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ ကံသာကျေးရွာနေ နေစိုးဝင်းအား ည ၆ နာရီခွဲတွင် လယ်ဝေးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
ဇွန်လ(၅)ရက်

WORLD ENVIRONMENT DAY
UN environment programme



“ ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး”
“Ending Plastic Pollution Globally”

၁၈-၅-၂၀၂၅

## ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ချောက် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |

# တရားမဝင် သစ်မျိုးစုံ၊ Moissanite စိန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

## တရားမဝင်တင်သွင်းလာမှုများကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေ







အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် မေ ၁၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

**မေလ ၁၆ ရက်**တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၇)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၆၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Myanmar National Airlines လေယာဉ်ခရီးစဉ်အမှတ် MU-2031/ SF-4704 ဖြင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် တရုတ်နိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စိန်ဟုယူဆရသော (Moissanite) အဖြူရောင် ကျောက် အပွင့် ဆိုဒ်စုံ (၆၄၅)ပွင့် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၅၀၀၀၀) ကိုလည်းကောင်း၊ **မေလ ၁၇ ရက်**တွင် အမှတ်(၂)လမ်းမကြီး၊ စီးပွားရေးတက္ကသိုလ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၀၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ အင်းတကော်တာဆုံအနီး Max ဆီဆိုင်အရှေ့၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Ngwe Kyair Sin Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၂၁၃၆၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


**မေလ ၁၇ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ဦးအောင်ဇေယျ(၅)လမ်းရှိ ကမ်းနားဆိပ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း(၅)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၈၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်အနီး၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀) ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ်၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာယာဝတီခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၄၇၆)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၃၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေလ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင်ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၆၂၇၇၃၄၀)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက်ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **မြဝတီ**




တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

ထာဝရလှပသော အပြုံးအတွက်

DENTOMEC




DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇

ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ

SIGMA
CABLE & WIRE

COPPER 99.99%



ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563




OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။


(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ဆရာများသည် တပည့်များအား ပညာကို တတ်မြောက်အောင်သင်ကြားပေးကာ အသိအမြင်၊ ဗဟုသုတများရှိအောင် လမ်းညွှန်ပြသရန်လိုအပ်သကဲ့သို့ စည်းကမ်းလိုက်နာ တတ်သောနိုင်ငံသားများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်ပါသည် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင်ကျရောက်သော ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## မိုးယွန်းကြီးအင်း ဘေးမဲ့တောသို့ မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ငှက်ကျားမျိုးစိတ်များ ဝင်ရောက်ကျက်စား



စာ - ၁၅ သို့

## (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲများယှဉ်ပြိုင်ရန် ကာယဗလအားကစားသမားများပဏာမရွေးချယ်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ကာယဗလအားကစားသမားများ ပဏာမရွေးချယ်ပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ မြို့တော်စည်ပင်ဝန်ထမ်းအိမ်ရာ(မအူကုန်း)အားကစားကွင်း

စာမျက်နှာ ၁၁ ကော်လံ ၁ ●



## Myanmar Fight မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကျင်းပ

ရန်ကုန် မေ ၁၈

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group(MMAG) တို့ ပူးပေါင်းစီစဉ်သည့် Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူလက်ဝှေ့ရုံ၌ကျင်းပသည်။

ယင်းပြိုင်ပွဲတွင် သုံးချီပြိုင်ပွဲ တွဲဆိုင်း ၁၂ ဆိုင်းပါဝင်ထိုးသတ်ကြပြီး သီဟ(တော်ဝင်ရော)နှင့် ရာဇာထွန်း(RAY)တို့ပွဲတွင် ရာဇာထွန်း၏လက်သီးထိချက်များကြောင့် ဒုတိယအချီတွင် သီဟအနားတောင်းခဲ့ရသည်။ စာမျက်နှာ ၁၁ ကော်လံ ၃ ◆



## တရားမဝင် သစ်မျိုးစုံ၊ Moissanite စိန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

စာ - ၃၀ သို့